21st CENTURY PRESENTS

သတင်းစာဆရာ–ဦးသိမ်းမောင်

# သီပေါမင်းတရားအတွင်းရေးများ

အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေ [illegible]တ်တမ်း

အရ

သတင်းစာဆရာ – ဦးသိမ်းမောင်

စီစဉ်ရေးသားသည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ် အေး ချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက် ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်း ရေးကိုဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂီရိရတနာ ဆောင်းပါးမဟာ

# သီပေါမင်းတရားအတွင်းရေးများ


အပါးတော်မြဲအတွင်းဝန် ဦးစံရွှေ မှတ်တမ်းအရ

သတင်းစာဆရာ - ဦးသိမ်းမောင်

စီစဉ်ရေးသားသည်။



21st CENTURY PRESENTS.

**စာအုပ်တိုက်**

**၁၂၁၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။**

# မာတိကာ


စာမျက်နှာ

၁ -------------- အမိန့်တော်

၂ -------------- အယ်ဒီတာချုပ်ဆန္ဒ

၃ -------------- ဦးစံရွှေနှင့် ပင်းယမင်းသမီး

၆ -------------- မင်းညီမင်းသားများ သေခြင်းဆိုးသေကြရပုံ

၉ -------------- ဆင်ခြင်စဉ်းစားရန်

၁၀ -------------- ပါတော်မူခဏ်းကဗျာ

၁၁ -------------- ဆီးဘန်နီဆရာတော် ပဌမရေးကေပိုဒ်

၁၂ -------------- ကင်းဝန်မင်းကြီးကပြန်ဖြေသောလေးချိုး

၁၃ -------------- ဆီးဘန်နီဆရာတော်ပြန်ချေ ဒုတိယကေပိုဒ်

၁၄ -------------- သတင်းချွန်သည့်ကင်းဝန်

၁၆ -------------- ရွှေဘိုထွက်ရန်စီမံသော်လည်း

၁၇ -------------- နန်းတော်မှ သင်္ဘောသို့

၂၀ -------------- “သူရိယ”ပေါ်တွင်စံနေစဉ်

၂၂ -------------- ကုလားနိုင်ငံ လွှဲပြောင်းစံရှင့်

၂၄ -------------- လှေသင်းအတွင်းဝန်၏စကား

စာမူခွင့်ပြုချက်အမှတ် - [ ၁၁ /၉၉ (၅) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၃၁၂ /၉၉ (၅) ]

❖

စီစဉ်သူ
**ညီလေးနိုင်**
***21st CENTURY PRESENTS* စာအုပ်တိုက်**
**ဆူး(ဥပဒေ)**

❖

ပုံနှိပ်ခြင်း
တတိယအကြိမ်
အုပ်ရေ (၁၀၀၀)
တန်ဖိုး (၂၀၀)

❖

ပုံနှိပ်သူ
( မျက်နှာဖုံး နှင့် အတွင်းပုံနှိပ် )
ဦးမျိုးမြင့် (၀၅၂၁၀)၊ **မြင့်မေတ္တာအော့ပ်ဆက်**
အမှတ် ၁၂၁၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးကြည်ဝင်း (၀၁၀၂၉)၊ **ဝင်းစာပေ**
အမှတ် ၂၁၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❖

မျက်နှာဖုံးဒီဇိုင်း - T.N.O
ကွန်ပျူတာဂရပ်ဖစ် - **တင်ထက်**

၂၄ -------------- နန်းစဉ်မောက်

၂၇ -------------- တိုက်တော်စံနန်း

၂၈ -------------- ဦးစံရွှေစက်လှည့်ပုံ

၃၂ -------------- သီပေါမင်းတြားမျက်ရည်တော်ကျပုံ

၃၅ -------------- မေခလာနတ်သမီးစိတ်ဆိုးပုံ

၃၇ -------------- တိုက်နန်းတော်၌ အမှုထမ်းရပုံ

၃၉ -------------- ပွဲတော်များနှင့် ဘုရားကျောင်းသစ်

၄၀ -------------- သမီးတော်များ နားထွင်းရန်ကိစ္စ

၄၄ -------------- ထိပ်စုဘုရားကလေး အနိစ္စရောက်ခြင်းနှင့်
သမီးတော်များ လက်ထပ်ရေး

၄၆ -------------- သီပေါမင်းတြားကြီးက ကျော့ဘုရင်ထံသွင်းစာ

၄၈ -------------- ဘုန်းနဲ့ကံနဲ့ဒို့ဘုရင်

၅၀ -------------- လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးရေး
လေးချိုးကြီး

၅၁ -------------- သီပေါမင်းတြားကြီး၏ စာ ၂စောင်နှင့်
လက်မှတ်တော်

၅၇ -------------- နောက်ဆက်တွဲ

## တတိယအကြိမ်

### စီစဉ်ထုတ်ဝေသူရဲ့ စကားအနည်းငယ်

**'သိပေါမင်းတရားအတွင်းရေးများ'** စာအုပ်ကို ပထမဆုံးအကြိမ်ပုံနှိပ်ထုတ်ဝေစဉ်က စီစဉ်ရေးသားသူ သတင်းစာဆရာ ဦးသိမ်းမောင်က -

**"အများပြည်သူတို့ အကျိုးငှာတစ်ကြောင်း၊ ပျောက်ပျက်တိမ်မြုပ်မသွားဘဲ အမြဲတည်ရှိစေရန်တစ်ကြောင်း"** စာအုပ်အဖြစ် ထုတ်ဝေရပါတယ်" လို့ ဆရာကြီးဆန္ဒကို ဖော်ပြခဲ့ပါတယ်။ နေ့စွဲက ၂၄. ၁၁. ၁၉၃၃-ခုနှစ်၊ ရန်ကုန်မြို့၊

ဒုတိယအကြိမ်ပြန်လည် ပုံနှိပ်တော့လည်း. . .

**"သိပေါမင်း၏ပါးစပ်မှ ပြောခဲ့သောစကားများကို စာဖတ်သူများကိုယ်တိုင်နားနှင့်ဆတ်ဆတ်ကြားကြရပြီး ရာဇဝင်သခ်ဂျီးစာတစ်ခုအနေနှင့် လေ့လာစေလိုသောကြောင့် ယခုအခါ ဒုတိယအကြိမ်ပြန်လည် ထုတ်ဝေရပါတယ်"**လို့ ထုတ်ဝေသူ ဦးမြင့်ဆွေက ဆိုပြန်ပါတယ်။

နေ့စွဲက ၂. ၁၁. ၁၉၆၉-ခုနှစ်၊ မြန်မာပြည်စာပေတိုက်။

တကယ်တော့ သည်စာအုပ်လေးရဲ့သက်တမ်းဟာ ၆၆-နှစ်ရှိခဲ့ပါပြီ။


ဖတ်မိပြီးတဲ့အခါ **"သမိုင်းတန်ဖိုးကြီးမားကြောင်း"**ခံစားမိရာမှ

ကျွန်တော်တို့ (လူငယ်နှစ်ဦး) တတ်နိုင်သမျှ သမိုင်းလက်ဆင့်ကမ်းဖြစ်ခဲ့တာပါ။

ညီလေးနိုင်
ဆူး (ဥပဒေ)
မေလ၊ ၁၉၉၉-ခုနှစ်


21th CENTURY PRESENTS

အရာရာနားလည်ပေးသော
"မိဘနှစ်ပါး၊ ပါရမီဖြည့်ဘက်နှင့် စိတ်လိုလက်ရ ကူညီကြတဲ့
မိတ်ဆွေအားလုံးကို ကျေးဇူးတင်ပါတယ်"
T.N.O



မိဖုရားကြီးက

ပင်းယမင်းသမီးအား - ပေးသောစာ



အပါးတော်မြဲခန့်စာ

(၎င်းစာ စာရွက်၏ ၄-ပုံ ၁-ပုံချုံ့၍ ပြထားသည်၊ လက်မှတ်မှာ သီပေါမင်း၏ လက်မှတ်အတိုပုံဖြစ်သည်၊ လက်မှတ်အတိုရေးထိုးသော် 'တော်ကြီး'ဟု ရေးထိုးသည်၊)




ပင်းယမင်းသမီး



အပါးတော်မြဲ အတွင်းဝန် - ဦးစံရွှေ

ဂ့်ဍုၚ်ဇဒၚ်ကြိုဝ်ဗၞးဂၠိုၚ် ငုယငုလဂ့်ဗှဓ ဂြိုၚ်ငုယဒဂုၚ်ဗ္ၜိုပ္ဍဂၚ်ယဗ






ရတနာဂီရိစံနန်းတော် တိုက်တက်မင်္ဂလာအခါတွင် လိုက်ပါရသော စိန်ဗေဒါဝိုင်းတော်သားများနှင့် သဘင်သည်များ အသုံးတော်ခံနေပုံ (စိန်ဗေဒါ - ဆိုင်းဝိုင်းထဲတွင်ရှိသူဖြစ်၏)



ကင်းဝန်မင်းကြီး




ရတနာဂီရိမြို့ရှိ - ဘုရားကျောင်းဟောင်း



သမီးတော်များ နားထွင်းခါနီး စံနေတော်မူကြပုံ





ရတနာဂီရိရောက်သောအခါ ပထမစံရသော နန်းဟောင်းတိုက်ဟောင်း



ဂှ်ၠိုဲလ်ဒှ်ရှပ္ဓေေ ငှ်ဓဂေးဒှ်ယေလပ္ဒှဂေးဒှ်ထိုးငေ့် းငေၠိငှ်ယဝ်းဂ္ဓေ

ဂ့ယြၼ်ခးၵှထၢ်ၡ ပွ်းလလငှထခးဝှ့ - းဝှ့ၸ ‘ဝှလ-းလလဲယၸဲ့ လလခၢ်ငှထခးလထၯြၡ လၢ်ငှထခးပြၡ





ရတနာဂီရိတိုက်သစ် စံနန်းတော်ကြီး

ဍထးဥငါယစေးထဗ်င






ပင်းယမင်းသမီးနှင့် မိုးညှင်းထိပ်ခေါင်တင်တို့ ငယ်စဉ်က
ထိန်းရသော - ဒုတိယသမီးတော်




သီပေါမင်းတရား ထီးနန်းတက်စ စစ်ဝတ်တန်ဆာဖြင့် ရိုက်ကူးထားပုံ



သီပေါမင်း၏ ကိတ္တိမသား (ဦးစံရွှေ၏သား) ရှင်လောင်းလှည့်ခါနီးပုံ၊ ထီးဆောင်းထားသူကုလားကြီးကား သီပေါမင်း၏ လူယုံတော် ဖြစ်သည်။




သမီးတော်များ နားထွင်းမင်္ဂလာကျင်းပနေစဉ်၊ ရှေ့ကျကျနေရသော ဧည့်ပရိသတ်များ



သီပေါဘုရင် ရတနာဂီရိရောက်ပြီးနောက် ရိုက်ကူးထားပုံ



ညောင်ရမ်းမင်းသားကြီးပုံ



ရတနာဂီရိ သိမ်းတော်များ နားထွင်းပွဲအပြီးတွင် အမတ်ကြီးများ - မြန်မာပြည်သို့ ပြန်မည့်အခါ မင်းတြားကြီးအား နောက်ဆုံးစံနန်းတော်အောက်မှ နှုတ်ဆက်နေကြပုံ၊ ကြည့်သူ၏ လက်ျာဘက်ရှေ့တန်းအစွန်ဆုံးမှ အမတ်ကြီးမှာ ဝက်မစွတ်ဝန်ထောက်မင်း ဖြစ်သည်



နတ်ရွာမစံမီ နောက်ဆုံးညီလာခံတွင် - ခေါင်းမီးကူးယူထားသော သီပေါမင်းတြားကြီးပုံ

ဂုံဗ့ထိဝဒး၏ ပွဲငှယဒးဒ့လေဒဃ ထဲဂီငှယဒးနှဲကြံစံးထွဲငှဒ် ဖြိုး၂ုဝ်ကြၢ်လဲ ဒြွေးထြဲးဒ့ဂပုဒငှ



# ဂီရိရတနာနုဒေသခင်းပါးဖဗာ

## အမိန့်တော်

အပါးတော်မြဲ အတွင်းဝန် ဗလိန်းထွက်ပြီးဖြစ်၍ အတိုင်ပင်တော်ခံ အတွင်းဝန် စံရွှေကို ဖြတိုက်တော်၌ အပါးတော်မြဲ အတွင်းဝန်အဖြစ် အမှုတော်ကို ထမ်းရွက် နေထိုင်စေ။

(တော်ကြီး)

ရတနာဂီရိစံ မြန်မာနိုင်ငံတော် ဘုရင်မင်းမြတ် သီပေါမင်းကြား၊
သက္ကရာဇ် ၁၂၇၁ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့ မှတ်သည့်အမိန့်တော်။

"လေးဆဲ့ရှစ်မည်၊ ပြာဿဒ်လည်၍၊ နတ်ပြည်အယုဂ္ဂ၊ သက်လာကျသို့၊ ပုဥ္စရတနာ၊ မြို့အောင်ချာတွင်"ဟူ၍ ချီးကြူးရသော ရတနာပုံနေပြည်တော်ကြီးတွင် စံရွှင်တော် မူရစဉ်ကဖြစ်ပါမူကား ၂ ကြောင်းရေးစာချွန်တွင် တံဆိပ်တော်ထင်၍ ရွှေနန်းတော် စဉ်လာခန့်အပ်တော်မူသည့်အရာမှာ တော်ရုံနှင့်မပြီး သံတော်ဆင့် အမိန့်တော်ရေး နားခံတော်တို့နှင့်တကွ ဝန်ကြီးစသော ဖြတိုက်တော် အရာရှိများမှာ ဘုရင်နှင့် အနီးဆုံးသော အရာရှိအတွက် စီမံ ရွက်ဆောင်ဘွယ် ရှိသမျှကို ရှုပ်ရှက်ခတ် ရွက်ဆောင်ကြရပေလိမ့်မည်၊ သို့ရာတွင် မြန်မာတို့မှာ ထီးသုဉ်း နန်းသုဉ်း အညွန့်တုံးခိုက် ကုလားပြည်၌ လိုက်၍ စံနေရစဉ်ဖြစ်ရကား အထက်ပါ အမိန့်တော်မြတ်ကို ဒေါင်းတံဆိပ် ပုံနှိပ်ပြီးပါသော လျှောက်လွှာစက္ကူ အရွယ်ရှိ မကောင်းလှသော စက္ကူပေါ်တွင်သာ သမီးတော်တစ်ဦးအား အထူးရေးစေ၍ ကိုယ်တော်တိုင် လက်မှတ်ရေးထိုး ပေးအပ်ရှာရပေသည်။ သံတော်ဆင့်တို့က အမိန့်တော်ပြန်ခြင်းစသော အလုပ်များကား မြန်မာ့စဉ်လာ မဟုတ်ရှာလေသကဲ့သို့ ရတနာဂီရိစံအိမ်တော်တွင် မရှိ မတွေ့ မမြင်ရတော့ပြီ။

## ဦးစံရွှေနှင့် ပင်းယမင်းသမီး

ကျွန်ုပ်၏ စားပွဲသို့ ပြန်ရောက်ပြီးနောက် ဖိုင်တွဲကိုဖွင့်ကာ မှတ်စုများကို ဖတ်ရှုစစ်ဆေးသောအခါ “၁၂၇၀-ပြည့်နှစ်တွင် မန္တလေးမြို့ ပေါ်မှာ နားနေစဉ် ရတနာဂီရိမြို့ပေါ်မှာ စံနေတော် မူသော မြန်မာဘုရင် သီပေါမင်းမြတ်နှင့် အသျှင်နန်းမတော်ဖုရားက ပင်းယမင်းသမီးနှင့် မောင်စံရွှေတို့ကို ခေါ်တော်မူကြောင်းနှင့် မန္တလေးမင်းကြီး မစ္စတာကေရီက ခေါ်ပြောသဖြင့် မန္တလေးအရေးပိုင်မင်းကို နှုတ်ဆက်ပြီး ရာဇဝတ်ဝန်မင်းထံရောက်နေသော ငွေ ၅၀၀/-ကိုယူ၍ အစိုးရမင်းများ အခွင့်အမိန့်အရ ပင်းယမင်းသမီးသည် ကိုယ်ဝန်အရင့်အမာနှင့် မန္တလေးမှာ နေရစ်ခဲ့ရသည်ဖြစ်၍ အပါးတော်တို့ တပည့်မောင်ဘိုးအိုနှင့် သွားကြသည်၊ ရောက်လျှင် အလွန်မှ ဝမ်းသာတော်မူ၍ နေ့စဉ်ခစား အမှုတော်ကို ထမ်းရွက်ရသည်၊ မကြာခင် အပါးတော်မြဲ စက္ကရီတေရီ မစ္စတာဇလိန်းကို အစိုးရများ မနှစ်သက်သည်နှင့် ထွက်ရသောအခါ အပါးတော်မြဲ စက္ကရီတေရီ ရာထူးကို ခန့်အပ်တော်မူသည်” ဟူသော ဦးစံရွှေ၏ မှတ်သားချက်ကို ဖတ်ရှုရသော အခါမှ အထက်တွင် ဖော်ပြခဲ့သော သီပေါဘုရင်မင်းမြတ်က ဦးစံရွှေအား အပါးတော်မြဲ အတွင်းဝန်အဖြစ် အဘယ်ကြောင့် ခန့်ထားခြင်းအကြောင်းများကို သေချာစွာ သိရပေသည်။

အပါးတော်မြဲ ဗြတိုက်အတွင်းဝန် ဦးစံရွှေကား ယခုအခါ ပင်စင်ရ ယစ်မျိုးဝန်ထောက်ဟု အများသိသော ပုဂ္ဂိုလ်ပင်ဖြစ်လေသည်။ ၁၂၃၇ ခုနှစ်ဘွား၊ မော်လမြိုင် ဒိုင်းဝန်ကွင်းသား ဇာတိဖြစ်၍ အမျိုးအနွယ်မှာ အင်းဝဘုရင် ဘကြီးတော်ဘုရား၏ ဝန်ကြီး ဦးမောင်၏သား စစ်ကဲ ဦးရွှေမှုန်နှင့် စစ်ကဲကြီး ဦးရွှေမောင်၏ သမီး ဒေါ်မိမိတို့မှ ဘွားမြင်သူဖြစ်လေသည်၊ ဦးစံရွှေ၏ဇနီး ပင်းယမင်းသမီးကား ခရစ်သက္ကရာဇ် ၁၈၉၃-ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သော (ဘိုးတော်ဘုရား၏ မြစ်) ပန်းချီအုပ်မင်းသားကြီး၏ သမီးတော် ဖြစ်လေသည်၊ ရှေ့တွင်

## အယ်ဒီတာချုပ် ဆန္ဒ

လျှောက်လွှာနှင့် တူသော စာရွက်တစ်ရွက်ကို သေချာစွာ ကြည့်ရှု၍ လေးနက်စွာ စဉ်းစားဟန် ရှိနေသော သူရိယ အယ်ဒီတာချုပ်၏ စားပွဲနားသို့ တစ်နေ့သောအခါ ရောက်သွားပြီး ကျွန်ုပ်အား တွေ့လိုခြင်း အကြောင်းကို မေးမြန်းရာ ကြည့်ရှုနေသော အထက် အဆိုပါ အမိန့်တော် စာရွက်ကိုပေးရင်း **" ဒို့ ဘုရင်သီပေါမင်းရဲ့ လက်မှတ်ကို မြင်ဘူးရဲ့လား"** ဟု အယ်ဒီတာချုပ်က ပြောသဖြင့် ကျွန်ုပ်လည်း အံ့ဩစွာနှင့် လှမ်းယူကြည့်ရှုမိလေ၏၊ ဖော်ပြပါအတိုင်း တွေ့မြင်ဖတ်ရှုရသည်နှင့် တစ်ပြိုင်နက် ကိုယ်တွင်းမှာ ရှိန်းကနဲဖြစ်ခဲ့ါ မြန်မာနိုင်ငံမှုဆိုးဆက် နောက်ဆုံးမင်းတြားကြီး၏ လက်မှတ်ကို တစ်သက်တွင် ဤတစ်ကြိမ်သာ ပဌမတွေ့ရသော ကျွန်ုပ်သည် တမုဟုတ်ခြင်း ရွှေနန်းတော်ကြီးကို ပြေး၍ မြင်ယောင်မိပါသတည်း။

**"အဲသည်-အမိန့်တော် စာမျိုးများနှင့် ရတနာဂီရိမှာ စံတော်မူစဉ်က ရိုက်ကူးသော ဓာတ်ပုံအမျိုးမျိုးအပြင် နေ့စဉ်မှတ်တမ်းမှတ်စုများပါ ဦးစံရွှေထံမှ သူရိယက မူပိုင်ဝယ်လိုက်တယ်၊ သီပေါမင်းနန်းကျသည်အထိ အတ္ထုပ္ပတ္တိကို ဝက်မစွတ်ဝန် ထောက်မင်းရေးခဲ့လို့ သူရိယကဘဲ စာအုပ်ရိုက်ထားတယ်၊ နို့ပေမဲ့ - ရတနာဂီရိမှာ စံတော်မူရစဉ် ကြေကွဲလွမ်းဆွတ်ဘွယ် အဖြစ်အပျက်များကို အတွင်းလူများလောက်သာ သိရတယ်၊ ဒီအချက်တွေဟာ မြန်မာလူမျိုးတွေ သိသင့်သောအချက် မပျောက်ပျက်ကောင်းသော အချက်များဖြစ်လို့ သူရိယနေ့စဉ်သတင်းစာထဲမှာ ပဌမထည့်မယ်၊ ထို့နောက် စာအုပ်ပြုလုပ်ရလျှင် အရှည်တည်တန့်လို့ မြန်မာရာဇဝင်မှာလဲ အထောက်အပံ့ဖြစ်လိမ့်မယ်၊ ဒါကြောင့် ရှေ့နောက် စကားအစဉ် ညီညွတ်စေရန် အသစ်ပြုပြင် ရေးသားပြီး သတင်းစာထဲမှာထည့်ပါ"** ဟု ပြောဆိုကာ စားပွဲပေါ်မှာ ရှိသော ဖိုင်တွဲများကို ပေးအပ်လိုက်သည့်အတိုင်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ အယ်ဒီတာချုပ် အခန်းမှ ထွက်ခွာခဲ့ပါကြောင်း။

## ဦးစံရွှေနှင့် ပင်းယမင်းသမီး

ကျွန်ုပ်၏ စားပွဲသို့ ပြန်ရောက်ပြီးနောက် ဗိုင်တွဲကိုဖွင့်ကာ မှတ်စုများကို ဖတ်ရှုစစ်ဆေးသောအခါ "၁၂၇၀-ပြည့်နှစ်တွင် မန္တလေးမြို့ပေါ်မှာ နားနေစဉ် ရတနာဂီရိမြို့ပေါ်မှာ စံနေတော် မူသော မြန်မာဘုရင် သီပေါမင်းမြတ်နှင့် အသျှင်နန်းမတော်ဖုရားက ပင်းယမင်းသမီးနှင့် မောင်စံရွှေတို့ကို ခေါ်တော်မူကြောင်းနှင့် မန္တလေးမင်းကြီး မစ္စတာကေရီက ခေါ်ပြောသဖြင့် မန္တလေးအရေးပိုင်မင်းကို နှုတ်ဆက်ပြီး ရာဇဝတ်ဝန်မင်းထံရောက်နေသော ငွေ ၅၀ဝိ/-ကိုယူ၍ အစိုးရမင်းများ အခွင့်အမိန့်အရ ပင်းယမင်းသမီးသည် ကိုယ်ဝန်အရင့်အမာနှင့် မန္တလေးမှာ နေရစ်ခဲ့ရသည်ဖြစ်၍ အပါးတော်တို့ တပည့်မောင်ဘိုးအိုနှင့် သွားကြသည်၊ ရောက်လျှင် အလွန်မှ ဝမ်းသာတော်မူ၍ နေ့စဉ်ခစား အမှုတော်ကို ထမ်းရွက်ရသည်၊ မကြာခင် အပါးတော်မြဲ စက္ကရီတေရီ မစ္စတာဗလိန်းကို အစိုးရများ မနှစ်သက်သည်နှင့် ထွက်ရသောအခါ အပါးတော်မြဲ စက္ကရီတေရီ ရာထူးကို ခန့်အပ်တော်မူသည်" ဟူသော ဦးစံရွှေ၏ မှတ်သားချက်ကို ဖတ်ရှုရသော အခါမှ အထက်တွင် ဖော်ပြခဲ့သော သီပေါဘုရင်မင်းမြတ်က ဦးစံရွှေအား အပါးတော်မြဲ အတွင်းဝန်အဖြစ် အဘယ်ကြောင့် ခန့်ထားခြင်းအကြောင်းများကို သေချာစွာ သိရပေသည်။

အပါးတော်မြဲ ဖြတိုက်အတွင်းဝန် ဦးစံရွှေကား ယခုအခါ ပင်စင်ရ ယစ်မျိုးဝန်ထောက်ဟု အများသိသော ပုဂ္ဂိုလ်ပင်ဖြစ်လေသည်။ ၁၂၃၇ ခုနှစ်ဘွား၊ မော်လမြိုင် ဒိုင်းဝန်ကွင်းသား ဇာတိဖြစ်၍ အမျိုးအနွယ်မှာ အင်းဝဘုရင် ဘကြီးတော်ဘုရား၏ ဝန်ကြီး ဦးမောင်၏သား စစ်ကဲ ဦးရွှေမှုန်နှင့် စစ်ကဲကြီး ဦးရွှေမောင်၏ သမီး ဒေါ်မိမိတို့မှ ဘွားမြင်သူဖြစ်လေသည်၊ ဦးစံရွှေ၏ဇနီး ပင်းယမင်းသမီးကား ခရစ်သက္ကရာဇ် ၁၈၉၃-ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သော (ဘိုးတော်ဘုရား၏ မြစ်) ပန်းချီအုပ်မင်းသားကြီး၏ သမီးတော် ဖြစ်လေသည်၊ ရှေ့တွင်

ပင်းယမင်းသွီးသည် သီပေါမင်းတြားကြီး အကြောင်းအရာတော်တွင် ဆက်စပ် ပါဝင်တန်သရွေ့ ပါဝင်လိမ့်မည်ဖြစ်၍ ထိုမင်းသွီးအကြောင်းကို အောက်ပါအတိုင်း ကြိုတင်သိရှိထားသင့်ပေသည်။

ပင်းယမင်းသွီးသည် မန္တလေးမြို့ ပုလဲငွေရောင် ညောင်ပင်ဈေးရပ်မှာ မွေးသည်၊ မင်းတုန်းမင်းတြားကြီး သနားတော်မူသော မင်းရဲရာဇကျော်ခေါင် မင်းသားဘွဲ့ရ ပန်းချီအုပ်မင်းသားကြီး၏ သွီးတော်ဖြစ်သည့်အတိုင်း သီပေါမင်းတြားကြီး လက်ထက် နန်းတော်ကြီး အပါးတော်မှာ ငယ်စဉ်ကပင် အစဉ်အမြဲ ခစားနေရသော မင်းသွီးတပါးဖြစ်သည့်အားလျော်စွာ ပင်းယမြို့ကို သနားတော်မူ၍ ပင်းယမြို့စားမင်းသွီး သုသီရိကုမ္မာဝတီဘွဲ့ထူးကို ရွှေပြားပေါ်မှာ တင်စေတော်မူ၍ ဝင်း ၅၀၀ -နှင့် ဆောင်ထီး ၂-ချက် ရွှေထီး ၄-ချက် နှင့် မိဖုရားလတ်တို့၏ အစီးအနင်း အဆောင်အရွက်ကို အရှင် ၂-ပါး သနားတော်မူသည်ကို ခံယူရရှိသော မင်းသွီးတပါးဖြစ်သည်၊ အရှင် ၂-ပါးက အလွန်မှ သဒ္ဓါတော်မူ၍ အရာရာတိုင်း၌ပင် ခိုင်းတော်မူလေ့ရှိသည်၊ အခါခါမိန့်တော်မူသည်မှာ ပင်းယနှင့် စုဘုရားတို့နှင့် ၂-ဘက်တော်သည်၊ ဘိုးတိုင်းကြီး မင်းသားကြီးဘက်က ညီအစ်မတော်သည်၊ အရီးတော် ရေလဲမင်းသွီးဘက်က တူမတော်သည် ဟု မကြာမကြာ အမိန့်တော် ရှိဘူးသည်၊ ရန်ကုန်မှာ စံတော်မူစဉ်ကလည်း အမိန့်တော် မကြာမကြာရှိဘူးသည်၊ ပင်းယမင်းသွီး၏မယ်တော်မှာ မင်းတုန်းမင်းတြားကြီး၏ နန်းမတော် မိဖုရားကြီး ဇေဒင်စကြာဒေဝီ၏ မှန်နန်းတော် အပျိုတော်ကြီး တောင်တွင်းဝန်သွီးကို အဘ ပန်းချီအုပ် မင်းသားကြီးနှင့် အခမ်းအနားဖြင့် လက်ထပ်ပေးစားတော်မူသည်မှ မွေးဖွားသော ပင်းယမင်းသွီးဖြစ်သည်၊ နန်းပျက်လျှင်လည်း အရှင် ၂-ပါးနှင့်အတူ နောက်တော် မဒရပ်မြို့သို့ နန်းတော်ကြီးက တခါတည်း လိုက်ပါသွားသည်၊ ထို့နောက် ၆-လကြာလျှင် ရတနာဂီရိမြို့သို့ အတူလိုက်ပါသွားပြန်လေ၏။ အပါးတော်မှာ ၃-နှစ် အမှုတော်ထမ်းပြီးမှ အဖေအို ပန်းချီအုပ်မင်းသားကြီးကြောင့် မြန်မာပြည်သို့ ပြန်ခဲ့ရလေ၏။ ထို့နောက်တဖန်

လင်သားသို့နှင့်တကွ အပါးတော်သို့ သွား၍ အရှင်နှစ်ပါး၏ အမှုတော်ကို ထမ်းရွက်ရပြန်သည်၊ မကျန်းမမာ၍ မြန်မာပြည်သို့ ပြန်လာပြီးနောက် ဘုန်းတော်ကြီးဘုရား နတ်ရွာစံလွန်၊ အရှင် နန်းမတော်ဖုရား မြန်မာပြည် ပြန်ရ၍ ရန်ကုန်ရွှေတိဂုံဘုရားကြီး၏ ခြေတော်ရင်း တိုက်တော်မှာ နေ့ညမပြတ် အမှုတော်ကို ထမ်းဆောင်ခဲ့ရသည်၊ ခေါ်တော်မူသောအခါ ပင်းယဟုလည်း ခေါ်တော်မူသည်၊ ပင်းယမင်းသို့ဟုလည်း ခေါ်တော်မူတတ်သည်၊ စာရေးသနားတော်မူသည်၊ မိဖုရားကြီး နတ်ပြည်စံလွန်တော်မူသည့်တိုင်အောင် အမှုတော်ကို ရှိသေလေးမြတ်စွာ ထမ်းဆောင်ခဲ့သော မင်းသို့ဖြစ်သည်၊ ပင်းယမင်းသို့သည် ၁၉၂၈-ခု သီတင်းကျွတ်လပြည့်ကျော် ၉-ရက်နေ့မှာ နှလုံးရောဂါနှင့် သံလျင်မြို့ မိမိအိမ်ဝင်းခြံ၌ ကွယ်လွန် အနိစ္စရောက်လေ၏၊ မင်းမျိုးထုံးစံအတိုင်း မီးသဂြိုဟ်ပြီးလျှင် အရိုးကို မန္တလေးမြို့ ခမည်းတော် ပန်းချီအုပ်မင်းသားကြီး၏ အုတ်ဂူပြာသာဒ်ထဲတွင် သဂြိုဟ်ထားလေ၏။

ဘုရင့်အပါးတော်မြဲ အတွင်းဝန်အဖြစ်ဖြင့် ဦးစံရွှေ အမှုထမ်းရွက်သည်မှာ မည်မျှကြာသည်ဟု မှတ်စုများတွင် မတွေ့ရသော်လည်း **"မြန်မာဘုရင် သီပေါမင်းမြတ်တော်"** ဟူသော သီပေါမင်း ကိုယ်တော်တိုင် လက်မှတ်ဖြင့် ရတနာဂီရိမြို့ ၈-၁၀-၁၁ နေ့စွဲပါ အမှုထမ်းသက်သေခံစာတွင် အကျင့်စာရိတ္တကောင်းကြောင်း၊ အမှုတော်ကောင်းစွာ ထမ်းရွက်ကြောင်း၊ သို့အတွက် ဖြောင့်မတ်ကြောင်း၊ သေရည်သေရက် မသောက်ကြောင်း၊ သို့အတွက် အစိုးရများက ကြည့်ရှုလိမ့်မည်ဟု မြော်လင့်ကြောင်းနှင့် ရေးသားပါရှိသည်ကို ထောက်၍ နှစ်ပေါင်းများစွာ မကြာဟု သိရှိရပေသည်၊ ထိုနှစ် အနည်းငယ်အတွင်း ဦးစံရွှေတွေ့ကြုံရပုံ - လျှောက်ထားသဖြင့် သိရပုံ - စုံစမ်း၍ သိရပုံ တို့ကို ရေးမှတ်သည်မှာ မနည်းလှပေ၊ သို့ရာတွင် အစီအစဉ်မသင့်သည်တို့ကို ရှေ့နောက်ပြုပြင်ခြင်းအားဖြင့် ပဋမနန်းတွင်း၌ မင်းညီမင်းသားတို့အား ကွပ်မျက်ခြင်းကိစ္စကစ၍ ရေးသားဖော်ပြမှသာလျှင် ဖတ်ရှု၍ နားလည်နိုင်ပေလိမ့်မည်။

## မင်းညီမင်းသားများ သေခြင်းဆိုး သေကြရပုံ

သီပေါမင်းတြားကြီးသည် နန်းတက်စအခါ၌ နန်းတော်တွင်း၌ ဆွေတော်မျိုးတော်တို့ သေခြင်းဆိုး သေကြရပုံများကို အလုံးစုံသိကြပါသလော-သီပေါမင်းကိုယ်တိုင် ကြံရာပါဖြစ်လေသလော ဟူသော တွေးတောချက်များသည် မြန်မာ အမျိုးသားတို့၏ စိတ်ဓာတ်တွင် အမှန်သို့ မရောက်နိုင်ဘဲ ရှိခဲ့ကြရလေသည်၊ အင်္ဂလိပ်စာတတ် ယခုခေတ်လူအများကလည်း သီပေါမင်းအကြောင်း ရေးသားသော 'လစ်ကားလေဒီ' ခေါ် အင်္ဂလိပ်လူမျိုး တစ်ဦးရေးသည့် ဝတ္ထုစာအုပ်ကို ဖတ်ရှုကာ သီပေါမင်းတြားကြီးပေါ်တွင် လွန်စွာ အထင်အမြင်သေးလျက် ရှိကြလေသည်။ ထိုသို့ အထင်မှားလျက်ရှိကြသည်တို့ကို ပြန်လှန်ချေပရာ ရောက်သော အချက်များကိုလည်း မှတ်စုများတွင် တွေ့မြင် ဖတ်ရှုရပေ၏။

**"လူအများက သီပေါမင်းသည် ညီတော် နောင်တော် ဆွေတော်-မျိုးတော်တို့ကို သတ်သည်၊ အရက်သောက်သည်ဟု စွပ်စွဲကြသည်မှာ ဟုတ်မှန်ပါသလား"**

ဟု-ရတနာဂီရိ သမီးတော်များ နားထွင်းပွဲ စာရင်းကို မေမြို့ဘုရင်ခံအား အတူပြပြီး အိမ်တော်မှအပြန် ဦးစံရွှေက ဝတ်မစွတ် ဝန်ထောက်မင်းအားမေးမြန်း၏၊ ဝန်ထောက်မင်းက -

**"စွပ်စွဲချက်များကား မမှန်၊ အကြောင်းကုန် စုံလင်စွာ သိလိုက ရတနာဂီရိသို့ အပြန်တွင် ဘုရင်မင်းမြတ်ကိုယ်တိုင်ကို တိုက်ရိုက် လျှောက်ထားပါ"**

ဟု ပြန်ပြောသဖြင့် ရတနာဂီရိ ပြန်ရောက်၍ ဦးစံရွှေက လျှောက်ထားမေးမြန်းရာတွင် သီပေါမင်းတြား၏ ပြန်ကြား မြွက်ဟပုံကို အလုံးစုံမှတ်သားထားသည်ကား အောက်ပါအတိုင်းပင် ဖြစ်၏။

**"မဟုတ်ပါဘူး၊ တို့ကို အကြည်ညိုပျက်အောင် မုန်းထားအောင် အပြစ်ဆိုသော စကားများသာ ဖြစ်သည်၊**

အမှန်မှာ မောင်စံရွှေမိန်းမ ပင်းယမင်းသမီးလည်း ရှိသည်၊ မေးကြည့် ပြောပြလိမ့်မည်၊ နန်းတော်၌ တစ်ညနေ အနောက်ပိုင်းမှာ ပင်းယ,နဂါးဆင်, ကျောက်ပန်းတောင်း, ထန်းတပင်, တောင်ငူ မြို့စား အပျိုတော်များနှင့် တို့ ၂-ပါးပါ ရယ်မောစကားပြောနေစဉ် မယ်တော်သည် ရုတ်တရက် ပျာရိပျာရာ ဝင်လာပြီး 'မောင်ရင်-မောင်ရင်-သည်နန်းစည်းစိမ်ကိုလည်း မလိုချင်ပါနှင့် ဘုရင်မင်းမြတ်လည်း မလုပ်ချင်ပါနှင့်၊ မောင်ရင့်ညီတော် နောင်တော် နှစ်မတော်များ ရှိသေးရဲ့လား၊ စစ်ကြည့်ပါအုံး' ဟု ပြောလျှင် တို့တတွေမှာ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်၍ ငါသည်-ချက်ချင်း အရှေ့ထဲထွက်ပြီး ညီလာခံ အစည်းအဝေး အမြန်ခေါ်၍ 'မင်းကြီးများ ကျုပ်ကို မထိန်မဝှက်ဘဲ မှန်သည်အတိုင်း တင်ကြစမ်းပါ၊ ချုပ်ထားသော ညီတော်-နောင်တော် နှမတော်များ ရှိ-မရှိ သိလိုသည်'ဟု မေးမြန်းသောအခါ မင်းကြီးများက 'ဘုန်းတော်ကြောင့် အမှန်တင်ရမည်ဆိုလျှင် ဘုရင့်သားသည် ရွှေထီး ရွှေနန်းကို အမှန်ကြံစမြဲဖြစ်၍ ကျွန်တော်မျိုးများ၏ စောင့်ရှောက်ရသောတာဝန်သည် အလွန်မှ ကြီးသည်ဖြစ်သောကြောင့် အချုပ်မှ လွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသားသတ္တဝါများ အများအပြား သေကြေပျက်စီးကြမှာမြင်၍ သုတ်သင်ရှင်းလင်းရပါသည်ဘုရား' ဟု တင်သည်ကို ကြားရလျှင် ငါသည် အလွန်မှ ထိတ်လန့်ပြီး အသဲနှလုံး တုန်လှုပ်၍ ကြက်သီးမွေးညင်းထမိသည်၊ ညီတော် နောင်တော်များထားရန် နန်းမြင့်နားမှာ တိုက်တန်းရှည်ကြီး ဆောက်လုပ်ခိုင်းသည်မှာ အတော်အတန် ပြီးပါပြီ၊ ၎င်းတိုက်တန်းကြီးပြီးကာလ ညီတော်-နောင်တော်များကို သား မယား အချွေ အရံနှင့် ပျော်ရွှင်စွာနေကြပါစေ၊ အပြင်က အစောင့်အရှောက်ထား၊ နောင်ကို ထွက်ပြေးပုန်ကန်

မှသာ အပြစ်အလျှော့က် စီရင်ကြပါ မှာထားပါလျက်နှင့် သည်ကဲ့သို့ ရက်စက်စွာ ပြုလုပ်ကြသည်ကို ငါအများကြီး ဝမ်းနည်း စိတ်မကောင်း ဖြစ်သည်ဟု ပြစ်တင်ပြောဆိုပြီး ကျန်ရစ်သော မင်းသားများစာရင်းပေးပါ တောင်းမှ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနား မင်းသား၊ မြင်းစိုင်းမင်းသား၊ လယ်ကြားမင်းသားတို့ကို ရရှိခေါ်ဆောင် သက်နှီးဝတ်စေပြီးလျှင် ဆရာတော်များ ထံ အပ်ထားရသည်၊ ၎င်းမင်းသားများ ငါ့ကြောင့်သာလျှင် အသက်ရှင်သည်၊ ယခုတိုင် အချို့ရှိကြပါသေးသည် မေး လျှင်ပြောလိမ့်မည်၊ ရနောင်မင်းသား၏ အခါလည်ကျော် သမီးတော်ကလေး ကျန်ရစ်ကြောင်းသိရ၍ အသက် မသေရန် မိန်းမစိုး မောင်မှဲ့အား ခေါ်ဆောင်ယူခဲ့စေပြီး တောင်တွင်းစစ်ကဲ မောင်မြစ် - မယားမိပုံ အထိန်းထား ပြီး မွေးတော်မူလာလို့ အသက်ချမ်းသာ ရာရတယ်၊ ယခု ထက်တိုင် ကြည့်မြင်တိုင် စမ်းချောင်းမှာ အသက်ရှင် လျက် ရှိသေးတယ်၊ တို့ ၂-ပါးမှာ ၎င်းအကြောင်း များသိသည်မှစ၍ စိတ်နှလုံးထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ပြီး စိတ်ပြေစေရန် နေ့စဉ် တောင်စမုန်ကထွက်၍ သံဃာတော် များကို ဆွမ်းကြီး လောင်းတော်မူသည်၊ ငါလည်း အလွန်စိတ်မကောင်း တစ္ဆေလည်းကြောက်၊ နန်းတော်တွင်းမှာ နေ့ညမပြတ် ဆူဆူညံညံ ရှိစေခြင်းငှာ ပွဲခံစေသည်၊ ထိုအခါမှာ ငါကလည်းငယ် အသက် ၂၀ အရွယ်၊ မင်းကြီးများ စီမံကြရသောအခါမှာဖြစ်သည်။ နောက် မိုးခေါင်လို့ မဟာဆီ မဟာသွေးမြေ၌ မကျရာဟု ပညာရှိများ ဘုန်းတော်ကြီးများက ပြောလျှင် ည တိတ်တဆိတ် အလောင်းများကို တူးဖော်ပြီး အိုးထုပ် နှင့်ထည့်-လှည်းမှာတင်-မြစ်ဆိပ်ယူပြီး ရေလည် မြစ်ထဲ ချကြတယ်။

## ဆင်ခြင်စဉ်းစားရန်

အထက်ဖော်ပြပါ သီပေါမင်းတြားကြီးက ဦးစံရွှေအား မိန့်မြွက် ပြောကြားတော်မူသော စကားတို့မှာ မမှန်ဟု မယူဆရာ၊ မိဖုရားကြီး နတ်ရွာမစံမီ အခါကလည်း ထိုကဲ့သို့ပင် ချေဆို ရှင်းလင်းတော်မူခဲ့ သည်ကို ကျွန်ုပ်တို့ ကြားသိရဘူးပေသည်။ စင်စစ်မှာလည်း သီပေါ မင်းတြားကြီးသည် "လစ်ကားလေဒီ" အမည်ရှိသော အင်္ဂလိပ်လူမျိုး တို့ရေးသော ဝတ္ထုစာအုပ်မှာကဲ့သို့ ကြမ်းတမ်းရက်စက်ခြင်း အရက် သောက်စားခြင်း ပြုမည်မထင်ပေ၊ "ခပ်သိမ်းမြန်ပြေမှာ ဉာဏ်သံဝေ ကိုယ်တော်ပြပါလို့ ဓမ္မပြီပြီဟောနိုင်တဲ့ သီပေါရှင်" ဟူသော ကဗျာ ၄-ချိုးအရ ပိဋကတ်သုံးပုံကို နှုတ်ငုံ ဆောင်နိုင်တော်မူ၍ ပဉ္စမ ပြန် ၂-ကြိမ် ၃-ကြိမ်တိုင်, အောင်တော်မူသော ပုဂ္ဂိုလ်ဖြစ်ရကား မူလ နဂိုရ် စိတ်မှာလည်း နူးညံ့ပြီးဖြစ်၍ ဒေါသ-မောဟ ထင်မှတ် စွဲယူကြ သလောက် ဖုံးလွှမ်းမည်မဟုတ်ချေ၊ ငါးပါးပဥ္စသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသည့်ပြင် မြန်မာဘုရင် မင်းမြတ်တို့ ထုံးစံမှာလည်း မဟာဘိသိက် တော်ကြီး ခံပြီးလျှင် သေရည်သေရက် မသောက်ရ၊ သတ္တဝါကို ရင်ဝယ် သားကဲ့သို့ ချစ်ခင်ပါမည်ဟု ကျိန်စာ ရွတ်ဆို ထားရသောကြောင့် မလို သူတို့ စွပ်စွဲသလောက် မဟုတ်တန်ရာ၊ အရက်သေစာသောက်သုံးသူ ယစ်ထုတ်ကြီးဘဝသို့ ရောက်အောင် ရေးသားပြောဆိုရက်ကြသည်မှာ လည်း မြန်မာ အမျိုးသား မဟုတ်သူတို့သာလျှင်ဖြစ်သည်ကို သတိပြု ရန် ရှိချေသည်။

သို့ရာတွင် အသျှင်နန်းမတော် မိဖုရား၏ စိတ်မှာ သီပေါဘုရင် မင်းမြတ်ထက်-ထက်မြက်၍ မဟုတ်မခံ အမူအလျှောက် အပြစ်ပြုတတ် သည်ကို ထောက်၍ ရက်စက်ကြမ်းကြုတ်သည်ဟု စွပ်စွဲလိုက စွပ်စွဲ နိုင်ကြမည်ဖြစ်သော်လည်း ဆွေတော်မျိုးတော် မင်းညီ မင်းသားတို့အား သတ်ဖြတ်သုတ်သင်ရာ၌ကား အသျှင်နန်းမတော် မိဖုရားကြီး အလို တူ အလိုပါ မဟုတ်နိုင်သည့် အကြောင်းမှာ ကင်းဝန်မင်းကြီးက

အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ် "ရှော" ထံသို့ ပြန်သောစာတွင် ပါသော အချက်ကိုထောက်၍ စဉ်းစားနိုင်ပေမည်။ ထိုစာတွင် မင်းညီ မင်းသား များအား သတ်ဖြတ်ခြင်းကိစ္စနှင့် ပတ်သက်၍ လူအများ သေကြေ ပျက်စီးမည်ကို စိုးရိမ်ရသောကြောင့် တိုင်းပြည်ထုံးစံအတိုင်း သုတ်သင် ရှင်းလင်းရခြင်းဖြစ်ကြောင်းနှင့် ဖော်ပြထားရာ မင်းညီ-မင်းသား များအား သတ်ဖြတ်ခြင်းကိစ္စမှာ ဘုရင်နှင့်မိဖုရားတို့ တာဝန်မဟုတ် အမတ်ကြီးများတာဝန်သာလျှင် ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားနေ ပေသည်၊ သို့ရာတွင် ဘုရင်နှင့် မိဖုရားတို့သာလျှင် နာမည်ပျက်ရချေ သည်၊ သို့ဖြစ်ရခြင်းမှာ မြန်မာ ထီးနန်းစည်းစိမ် ပျက်ချိန်တိုင်သည့် နိမိတ်လက္ခဏာပင်ဖြစ်ရာ နောင်အခါ နိုင်ငံဆုံးရှုံးသောအရေးတွင် အဆိုပါကိစ္စကိုပင် အကြောင်းပြု အသုံးချ၍ အပြစ်မကင်းသော မှူးမတ် တို့သည် မိမိတို့အပြစ်ကို ကာကွယ်ဖုံးဝှက်ကြလေသည်မှာ စဉ်းစားသင့် သော အချက်ပင်ဖြစ်ပေသတည်း။

**ပါတော်မူခဏ်း ကဗျာ**

**"ငါသည် နန်းစံတုန်းက အသက်ကလည်းငယ်သည်၊ ဟုတ် မဟုတ် စဉ်းစားချင့်ချိန်နိုင်သော အရွယ်လည်း မဟုတ်သေး၍ သည်ကိုပါလာသည်၊ ယခု အသက် ၅၀-ကျော်ရှိသည့် အခါမျိုးမှာ သာ ဖြစ်လျှင် ဘယ်နည်းနှင့်မျှ ပါလိမ့်မည်မဟုတ်၊ ရွှေဘိုထွက် မည်၊ ၎င်းကမှ အခွင့်မသာလျှင် မဟာမိတ်ဘက်ဖြစ်သော တရုတ် နိုင်ငံသို့ ဝင်သွားမည်"** ဖြစ်ကြောင်းနှင့် ပါတော်မူရခြင်းအကြောင်း တစ်နေ့သောအခါ စကား စပ်မိ၍ ဦးစံရွှေအား သီပေါမင်းတြားကြီးက မိန့်တော်မူလေသည်ကို ထောက်ချင့်ခြင်းအားဖြင့် သီပေါဘုရင် ပါတော်မူရခြင်းမှာ ဘုမသိ ဘမသိနှင့် တပါးသူတို့ နားလှည့်ခြင်းကို ခံရရှာသဖြင့်သာ ပါတော်မူ ရသည်ဟု ဆိုဘွယ်ရာရှိတော့၏။ ဘုံဘိုင် ဘားမားနှင့်ဖြစ်သော သစ်မှုကား မူလအကြောင်းရင်း မဟုတ်ဟုလည်း ကျွန်ုပ်ထင်မိ၏။

ထို့ကြောင့်လည်း ပါတော်မူစ အခါက ဆီးဘန်နီ ဆရာတော်ဘုရားကြီးက **"မှတ်ပါရစ်စေ မှာခဲ့ပေအံ့"** အစရှိသော ကေပိုဒ်ရတုကို ရေးသား ဖြန့်ဝေတော်မူခဲ့လေသည်။ ထိုရတုမှာ မြန်မာလူမျိုးအပေါင်းတို့၏ စိတ်ဓာတ်အသည်းနှလုံးကို တပြုံလုံး ထိခိုက်စေသော ရတုပင်ဖြစ်သည်သာမက မှူးကြီး မတ်ကြီးတို့ကိုလည်း လွန်မင်းစွာ ပြစ်တင်ထားရကား ရတုဖတ်ရှုကြားနာရသူတို့မှာ ဆူပွက်၍ပင် သွားခဲ့လေသည်၊ ဆီးဘန်နီဆရာတော်၏ ရတုဒဏ်ချက်ကို ကင်းဝန်မင်းကြီးမှာ မခံနိုင်ရကား **"မန်းမကိုင်မှုမှာမှု၊ နန်းသိုက်ရ ရွှေဘုံကို"** အစချီသော လေးချိုးအလင်္ကာဖြင့် မမြင်သာအောင် အပြစ်ကို ဖုံးသော်လည်း လုံးလုံးကြီး မကျေနပ်သဖြင့် ထပ်လောကာ ရတုတစ်ပုဒ်ဖြင့် မလှုပ်ဝံ့အောင် ချေဖျက်ပြန်လေ၏၊ အဆိုပါ ကဗျာသုံးပုဒ်သည်ကား နိုင်ငံတော်ပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်း၏ အလင်းရောင်ကို ဖော်ပြရာစာများဖြစ်၍ ဦးစံရွှေ၏ မှတ်စုပါ မူအတိုင်း ဖော်ပြမှသာ ဤဆောင်းပါးမှာ ပြည့်စုံပေတော့မည်။

## ဆီးဘန်နီ ဆရာတော် ပဋ္ဌမရေး - ကေပိုဒ်

ဇယတု။ ။ "မှတ်ပါရစ်စေ၊ မှာခဲ့ပေအံ့၊ သံဝေဓမ္မ၊ ယူကုန်ကြလော၊ သုဒဿန၊ မြို့မသခင်၊ သူရာ စင်လျက်၊ လုလင်မာဃ၊ ဦးဆောက်ချ၍ အမရဝတီ၊ ပူရီပြည်လုံး၊ လက်ရကြုံးသို့၊ ထုံးနှင့်တူလစ်၊ ကောဇာစစ်မူ၊ ကေ်-ဒွေး-ဇော-သတ်၊ လမြတ်ထွန်းပြောင်၊ တန်ဆောင်သရဒ၊ ကဏှပက္ခ၊ ဆဋ္ဌပူးရက်၊ နေဝင်ထွက်အောင်၊ ရှစ်မျက် လောကဓာတ်၊ ကောင်းကင်လတ်မှ၊ ပြာသာဒ်ကုဋ္ဋေ၊ ကြယ်ကျွတ်ကြွေရှင့်၊ နေတစ်ဖန်ထွက်၊ သတ္တ ရက်ဝယ်၊ လက်နက်လျှံထိန်၊ စွဲကိုင်ချိန်သား၊ ကုန္တိယတိုင်းသား၊ ရဲယောကျ်ားတို့၊ ပတ္တမြား စီမံ၊ ရွှေနန်းယံသို့၊ ချွန်ချွန် ဝင်ရောက်၊ ရှစ်ရက်မြောက်က၊ အနောက်ဂေါရာ၊ နေ ဝါ လျှော သက်၊ ဂဠုန်ရက်တွင်၊ သုံးချက်ကျော်ပြီ၊

ဒွါဒသီဝယ်၊ မှီသည့် ဖြိုဏ္ဍာ၊ ဂရုဋ္ဌာမှတ်၊ ဆဒ္ဒန်မြတ်မှ၊ ပူး နတ်မေနု၊ ရာဟု စန္ဒာ၊ သိဟ်သီဟာနှင့် ဇီဝါ ကန်နေ၊ နဂါး မြွေလည်း၊ မေထုန်ပျော်လျက်၊ မိဿ လက်တွင်၊ နက္ခတ် စဉ်ရုံး၊ ဆယ်လုံး တပါဒ်၊ လေးမှတ် ဗိဇနာ၊ ပွားလာ လက်ချိန်၊ ရွှေ ရွှေထိန်သား၊ သုဒ္ဓိန်နှစ်ရာ၊ နောဝီသာဥ္စ၊ မြန်မာဘုရင်၊ ဇာတာ ပြင်ဝယ်၊ မသန့်စဉ်ကြိုက်၊ နိစ် ပြ ဆိုက်က၊ မှားမိုက်လှစွာ၊ ကိုယ်မှီရာကို၊ ကိုယ်သာဖျက်ဆီး၊ ဘိကာစီးသည်၊ မှူးကြီး မတ်ငယ်၊ မာလောန္တယ်တို့၊ ဝှက်ကွယ်လှည့်ဝိုက်၊ သူ့ဘက် လိုက်၍၊ စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်၊ နှစ်ဆယ့် ခုနစ်နှစ်၊ နန်းစံ ရှစ်တွင်၊ ကသစ် ဘုံနေ၊ သကြား ကြွေသို့၊ ချက်ရွှေ သိုရာ၊ မန်းပြည်သာမှ၊ မိစ္ဆာ မောဟ၊ ပြွမ်းပြွမ်းထသည်၊ ကုလာ့နိုင်ငံ၊ လွဲပြောင်းစံရှင့်၊ လောကဓံ အဌ၊ သဘာဝကြောင့်၊ ဂေါတမ ဘုန်းခေါင်၊ သာနာရောင်လည်း၊ မပြောင်းမရွှန်း၊ အမှောင် စွန်းခဲ့၊ ကျွန်းသပြေဒီ၊ ရေဏီထက်၊ ခိုမှီ နေရိုး၊ မြန်လူမျိုးတို့၊ လန့်စိုးထိတ်လ၊ သံဝိဂ္ဂဖြင့်၊ ဖြစ်က ပျက်မြဲ၊ မလွဲစသာ၊ ကြုံကြ လာသား၊ သံသရာ သဘော၊ တွေ့ရသြဟု၊ စိတ်စော သိမ်မွေ့၊ တထေ့ထေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ တရားသံဝေ-ယူကြလေ"။ ။

## ကင်းဝန်မင်းကြီးက ပြန်ဖြေသော လေးချိုး

မန်းမကိုဋ်မှာမှ၊ နန်းသိုက်ရ ရွှေဘုံကို၊ မြေဝသုံ ကပ်ဆုံး အောင်ပ၊ မှတ်ထုံး နောင် ပေါ်ထွန်းစေဘို့၊ မော်ကွန်းတင်ဆက်သည့် မင်ရွှက်စာ။

သမတ နန်းဆောင်၊ ရွှေဘုံးငယ် ပြောင်သည်၊ ကုန်းဘောင် ပဝရ၊ နေသမ္မိန်ငယ် အာဟိန္ဓမှ၊ ဝံသ လှစ်ထွေ၊ ဆက်ဆက်နေလျှင်၊ မြေဇမ္ဗူစိုး၊ မြို့နန်းငယ် ထူသည်၊ ရိပ်ဖြူမိုးက၊

ရှေးရိုး စဉ်ဆက်၊ ထုံးမပျက်၍၊ နှုန်းဘက်ကယ် စံကွာ ဘုန်းအာဏာဖြင့်၊ ရေစာမရှား၊ မိစ္ဆာရန်ငယ်၊ မာန်မထား၍ ဖြစ်ပွားသာနာ၊ ပွင့်လင်းသာဖြာတော့ပ၊ ရေကြောတွေ့ပုံတူလို၊ များဗိုလ်လူ ရှင်ရဟန်းငယ်တို့ နိဗ္ဗူ-စိတ်ယူ မှန်းရှာကြ၊ ချမ်းမြ ကြည်စွာ။

ဆဲ့တဖြာငယ်၊ နေအာဒိစစ်၊ ဘရာစိုးသည့်၊ ဖြူမိုးလှစ်က၊ အနှစ်ပညာ၊ အရှင်းကွာ၍၊ စဉ်လာမင်းသုံး၊ ရေးကျင့်ထုံးကို၊ အလုံးပစ်လွဲ၊ ငွေနှင့်မြှုလျှင်၊ လူပေပဲဟု၊ စိတ်စွဲမှတ်ကျုံး၊ တိုင်း အလုံးကို၊ ဈေးနှုန်းနှင့်ကပ်၊ အမွေအပ်သော်၊ မကပ်တရား၊ ရှေ့ဆောင်နွားကြောင့်၊ နောက်သားတစိုက်၊ လမ်းကောက် လိုက်သို့၊ အမိုက်ဖြင့်ပြွမ်း၊ လူရဟန်းတို့၊ မချမ်းမသာ၊ ရေစာ မွတ်ရှား၊ ခိုးသားမုဒိမ်း၊ တရားမမှန်၊ ကျင့်ဖောက်ပြန်သည်၊ ရန်မငြိမ်း၍၊ ကိန်းသေမခွ၊ ကောသလ၏၊ သောဠသစာ၊ ဤ ရာဇာကို၊ မြတ်စွာရှင်စောက မြွက်တော်သိ။

စိန္တေထွင့်ဖျား၊ မိန့်ဟောကြားသည်၊ ထင်ရှားရှိလျက်၊ မည်သူထွတ်ဟု၊ ငဲ့ကွက်ပြစ်ဆာ၊ မတင်သာခဲ့၊ ဂေါဇာနှစ်တုံ၊ ဂဠုန်နှင့်ကျား၊ ဆင်နဂါးတို့၊ ပျော်ပါးစဉ်ပ၊ ကြောင်းစုံဝယ်၊ ကြိုင် ထုံစမို့၊ လ,ကြွတ္တိကာ၊ ပုဏ္ဏာကျော်တက်၊ ဆဋ္ဌရက်ဝယ်၊ ထက် အာကာကြီး၊ လေခရီးမှာ၊ မီးလျှံသဖွယ်၊ ဥက္ကါငယ်တို့၊ တွယ် လှယ်ကူးလတ်၊ တိထီသတ်တွင်၊ မြတ်ရွှေနန်းတွင်း၊ ရန်စစ်ချဉ်း ၍၊ မင်းကိုကိုင်မြောက်၊ ရှစ်ရက်မြောက်မှ၊ နောက်ဂေါရာစန်း၊ ဝင်ချိန်ယွန်းဝယ်၊ မြန်ဇမ္ဗူဘုန်း၊ ကံမထူသည် - ရန်သူမှုန်း၍၊ တိုင်း လုံး ပစ်ခွာ၊ သူဆောင်ရာပါတော့ပ၊ သင်္ခါရ ဖြစ်ပုံကို၊ စိတ်အာရုံ တင်မနောငယ်နှင့် စောတော့ဉာဏ်ရှိ။

### ဆီးဘန်နီ ဆရာတော် ပြန်ချေ ဒုတိယ ကေပိုဒ်

ဇယတု။ ။ "တဖန်မှတ်စေ၊ ထပ်၍ဖြေပိမ့်၊ သံဝေရမှု၊

ရှေးကပြုသည်၊ ရတုဘိုးထိုက်၊ ကေပိုဒ်ကို၊ လိုက်၍ဖြေပေ၊
ဉာဏ်ကဝေတို့၊ ဖြစ်လေရှေးက၊ ကောသလ၏၊ သောဠသ
ဇာတ်၊ အဋ္ဌုပ္ပတ်နှင့်၊ သတ္တဝါ့ကြမ္မာ၊ သဒ္ဒါတရား၊ နွားလားရှေ့
ဆောင်၊ ပမာမြှောင်လျက်၊ မင်းခေါင်ကိုသာ၊ ပြစ်ရှာဘန်ဘန်၊
ပြန်ဆိုဘိဘိ၊ ထိထိပါးပါး၊ စကားဘောက်လှဲ ကိုယ်ကိုလွှဲလည်း၊
မလွှဲစသာ၊ ဤအရာဝယ်၊ ပမာထင်ထင်၊ ကဗျာတင်က၊ ပေါက်
ပင်ကိုင်းညိတ်၊ ဗျိုင်းနိမိတ်ကို၊ ဖိုလ်ဟိတ်စပ်ခါ၊ ဟပ်၍ရှာမူ၊
သတ္တဝါဘူဇဂ၊ ချင်းမူလဟု၊ သိရသော့နှယ်၊ မလွတ်ဘွယ်တည့်၊
နွယ်မာလောညွန့်၊ ဆင်ခြေကွန့်လည်း၊ မလွန့်စသာ၊
အကြောင်းမှာကား၊ ငယ်စွာနုမျစ်၊ ကြလိုမျှစ်သို့၊ မြေးမြစ်
အလား၊ မင်းနှစ်ပါးတို့၊ တိုင်းကား နှင်းထပ်၊ ကိုယ်ကို အပ်၍၊
ပညတ်စေကြောင်း၊ မှူးမတ်ပေါင်းအား၊ ဆိုးကောင်းအရေး၊
လွှဲပေပေးလျက်၊ တရွေးတရတီ၊ တဗီဇဝါ၊ တမြူလွှာမျှ၊ ရသာ
အထူး၊ ဂုဏ်ကျေးဇူးကို၊ မှူးမတ်မှ၊ မခံရရှင့်၊ သိယ်တန်ဆောင်၊
ဘုန်းတော်ရှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ငြိး၍၊ တိုင်းကြီး
ပြည်ကြီး၊ အချိန်နီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်း
သုံးဝဖြင့်၊ သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်သည့်ရချေ၊
တို့တတွေသည်၊ သေသော်မှတည့်-ခြော်ကောင်း၏။

## သတင်းချွန်သည့် ကင်းဝန်

အထက်ပါ ကဗျာပုဒ်တွင် ဆီးဘန်နီဆရာတော် ရည်စူးပြစ်တင် ရေးသားခြင်းခံရသော ကင်းဝန်မင်းကြီးအား သီပေါမင်းတြားကြီးသည် စိတ်အနာကြီး နာတော်မူဟန် ရှိလေသည်ကို မှတ်စုတစ်နေရာတွင် တွေ့ရှိရပြန်သည်ကိုထောက်က နိုင်ငံတော် ဆုံးရှုံးပျက်စီးရာ၌ ကင်းဝန် မင်းကြီး၏ အပြစ်မကင်းကြောင်း ထင်ဘွယ်ရာ ရှိတော့၏။ ကင်းဝန် မင်းကြီး မြေး-အလွန်မှ ဆင်းရဲ၍ အလုပ်တောင်းစာ ဝက်မစွတ် ဝန် ထောက်မင်းက အတွင်းဝန်ကြီး မစ္စတာ ရိုက်စ်သို့ပေးရာ ၁၀-ရက်မျှ

ကြာသောအခါ အလုပ်မရှိ၍ မပေးနိုင်ကြောင်းနှင့် စာပြန်သည့် အကြောင်းများကို တနေ့သ၌ စကားစပ်မိကြ၍ ဦးစံရွှေက လျှောက်တင်ရာ သီပေါမင်းတရားကြီးက အောက်ပါအတိုင်း မိန့်မြွက်တော်မူ၏။

**"ကင်းဝန်မင်းကြီးသည် ငါ၏ခမည်းတော် လက်ထက်က မင်းကြီးကလေး ငါ့လက်ထက်ကျမှ မင်းကြီး အကြီးဆုံး ရာထူး သနားတော်မူသည်၊ ကုန်းဘောင် မင်းဆက်မှာ ဘယ်မင်းမှ မပေးသော ရာထူးဖြစ်သည့် မင်းကြီးမဟာသက်တော်ရှေကို ငါပေးသည်၊ ကျောက်စီ တောင်ဝှေးကို ငါ သနားတော်မူသည်၊ လက်နက် ဝန်ကြီး ရာထူးကို ငါအပ်နှင်းတော်မူသည်၊ ယခု နေအခါ ၎င်း ရာထူးနှင့်ဆိုလျှင် သင့်မြေးကို ပေးချင်သော ရာထူးပေး နိုင်သည်၊ တို့မောင်နှမ ကုလားပြည် ရောက်ရခြင်းမှာ လည်း သင့်ကြောင့် ရောက်ရသည် သို့သော်-ငါတို့မှာ ဘာကိစ္စမျှမရှိ အင်္ဂလိပ်က တစ်နှစ် တစ်သိန်းပေးထား သည်၊ ဆင်းရဲဒုက္ခ မရောက် ရာဇဝင် အစောင်စောင် ဗုဒ္ဓဝင်အစောင်စောင် လောကကြီး အဖြစ်အပျက်ကို ကြည့်လျှင် သစ္စာပျက်သောသူ ကျေးဇူးရှင် ကျေးစွပ်သော သူသည် လူချမ်းသာသော်လည်း စိတ်မချမ်းသာ စိတ် ချမ်းသာသော်လည်း လူမချမ်းသာ နောင်ကိုလည်း အမြဲ ဒုက္ခရောက်စမြဲ၊ လောကီ လောကုတ္တရာလည်း မကောင်း၊ ဘုရားလောင်း မျောက်မင်းသည် မုဆိုးပုဏ္ဏားအား သွေးစက်စက်နှင့် လမ်းပြ၍ ရွာဝင်မှာ မုဆိုးမြေမျိုသည့်ပုံ ကို ဆင်ခြင်။"**

ကင်းဝန်မင်းကြီးကြောင့် နိုင်ငံနှင့် ဘုရင်ပါ အင်္ဂလိပ်လက် ပါရ သည်ဟု အထက်ပါစကားဖြင့် ဆိုဘွယ်ရာ ရှိနေတော့၏။ ထို့ပြင် နန်း တွင်း၌ ဖြစ်ပျက်ပုံ အကြောင်းတစ်ရပ်သည်လည်း အထူးမှတ်သား ဘွယ်ရာဖြစ်ပေ၏။

## ရွှေဘိုထွက်ရန် စီမံသော်လည်း

ဘုံဘိုင်ဘားမားသစ်မှုနှင့် ပတ်သက်ပြီး အင်္ဂလိပ်တို့က အလျင်တဆော စစ်ပြုသဖြင့် မရှောင်သာသော မြန်မာတို့မှာ အင်္ဂလိပ်တို့အား ခုခံရန် ပြင်ဆင်ကြသော်လည်း အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်လျှင် သူပုန်ဟု ကင်းဝန်မင်းကြီးထံမှ လှည့်ပတ်သော ကြေးနန်းစာကြောင့် မြန်မာတို့ ဆီးကြိုတိုက်ခိုက်ခြင်း မပြုရချေ၊ နေပြည်တော်နှင့် နီးသော အခါ အင်္ဂလိပ်တို့ ရာဇသံပါ အချက်တို့ကို တောင်းဆိုတိုင်း ပေးသော်လည်း စကားမပြန်သဖြင့် ဟန်ပုံမရကြောင်း ထိုအခါမှ သီပေါဘုရင်မင်းမြတ် ရိပ်မိရှာတော့၏။ ထိုအခါမှ အကြံတော်ရ၍ ရွှေဘိုသို့ ထွက်တော်မူမည်ဟု လသာသာ တည၌ အမိန့်တော်ရှိပြီး ဒုတိယ သမီးတော်ကို ထိန်းသိမ်း ကြည့်ရှုရသော မိုးညှင်းမင်းသမီး ပင်းယမင်းသမီးတို့ပါ လိုက်ပါရန် မိန့်တော်မူရကား ပစ္စည်းဉစ္စာ ရွှေ ငွေတို့ကို အထုပ်ကြီး ထုပ်၍ ပင်းယမင်းသမီး နှင့်ထိန်း ကလေးမင်းသမီးကြီးကို တောရဘုရားမှ စောင့်နေစေ၏။ ရွှေ ငွေပစ္စည်းစသည်များကို ဆင် မြင်းလှည်း ထမ်းနှင့် တင်၍ လက်နက်ကိုင် အမှုထမ်းသားများလည်း အသင့်စောင့်ဆိုင်းနေကြလေ၏။

သို့ရာတွင် အသိမပေးဘဲထားသော ကင်းဝန်မင်းကြီးသည် ဘုရင်မင်းမြတ် ရွှေဘိုသို့ တိတ်တဆိတ် ထွက်ခွာတော်မူမည့် အကြောင်းကို သိသွားလေသည်နှင့် တစ်ပြိုင်နက် ပျာရိပျာရာ ကတိုက်ကရိုက်နှင့် ရှေ့တော်သို့ဝင်လာပြီးလျှင် **"အင်္ဂလိပ်များလာပြီး မိမိတို့ အလိုရှိရာ တောင်းဆို စာချုပ်၍ ပြန်မည်အမှန် ဖြစ်ပါသည်၊ ထွက်တော်မမူပါနှင့်"**ဟု အကြိမ်ကြိမ် တင်လျှောက် တောင်းပန်လေ၏။ သို့ရာတွင် ဘုရင်မင်းမြတ်က -

> **"အင်္ဂလိပ်များသည် တစ်ခါမဟုတ် နှစ်ခါမဟုတ် အခါခါရှိပြီ၊ တစတစနှင့် တိုင်းပြည်ကုန်အောင် ယူလိမ့်မည် ထင်သည်၊ စာချုပ်လျှင်လည်း မင်းကြီးများနှင့်**

**ချုပ်ဆိုရစ်ကြ နောက် ကျုပ်သဘောတူ လက်မှတ်အလိုရှိ**
**လျှင်လည်း စာချုပ်ကို ကျုပ်ဆီ ရွှေဘိုမြို့သို့ ပို့လိုက်"**

ဟု ပြန်လည် မိန့်တော်မူလေ၏။

ကင်းဝန်မင်းကြီးလည်း မိမိညြဇာ သီပေါ ဘုရင်မင်းမြတ်ပေါ်တွင် မစူးရှတော့သည့်အကြောင်းကို ရိပ်မိသိရှိလေလျှင် ဆင်ဖြူမရှင် မိဖုရားကြီးထံ တဖန်ဝင်ပြီး **"ဘုရင်မင်းမြတ် ရွှေဘိုကို မထွက်တော်မူရအောင် တားတော်မူပါဘုရား"** ဟု အနည်းနည်းအဖုံဖုံ လျှောက်ထား ဖြားယောင်းပြန်လေ၏။ ထိုအခါ သားမက်တော် မင်းတြားကြီးထံ ထွက်တော်မူလာပြီး **"ရွှေဘိုကို မထွက်ပါနှင့် သမီးတော်များကလည်း ငယ်သေးသည်၊ နှမတော်ကလေးလည်း မကျန်းမမာ ကိုယ်ဝန်အရင့်အမာနှင့် လမ်းမှာ ဒုက္ခရောက်ကြပါလိမ့်မည်၊ အင်္ဂလိပ်များတက်လာသည်မှာ ဘာမျှ စိုးရိမ်ဘို့မရှိ အလိုရှိရာ တောင်းဆိုစာချုပ်ပြီး ပြန်ကြပါလိမ့်မည် အမှန်ပါ"** ဟု ကင်းဝန်မင်းကြီး လေပေါက်အတိုင်း မိန့်ဆိုတော်မူရာ၊ သီပေါမင်းတြားမှာ ယောက္ခမတော် မိဖုရားကြီးအား ငယ်ကြောက် ဖြစ်သည့်အတိုင်း ဆိတ်ဆိတ်နေ၍ စဉ်းစားနေဆဲ ကင်းဝန်မင်းကြီးလည်း အတွင်းတော်မှ ထွက်ခဲ့လေ၏။ အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် **"ရှင်ဘုရင် ရွှေဘိုသို့ ထွက်တော်မမူ ဆင်မြင်း ပစ္စည်းဘဏ္ဍာ အားလုံး သိမ်းလိုက်ကြ၊ နောက် - ငါ့အမိန့်မရှိလျှင် မည်သူမျှ နန်းတော်ကို အဝင်အထွက် မရှိစေရ"** ဟု ပြောဆိုလိုက်သောကြောင့် ထွက်မည့်ဆဲဆဲ ကိစ္စမှာ ပျက်ပြန်လေ၏။

## နန်းတော်မှ သင်္ဘောသို့

ဘုရင်မင်းမြတ်မှာ ထိုစဉ်အခါက ငယ်သူဖြစ်၍ မည်ကဲ့သို့ဖြစ်ပျက်လိမ့်မည်ကို ကြိုတင် မစဉ်းစား မဆင်ခြင်နိုင်ဘဲ သူပြော ဟုတ်နိုးနိုး ငါပြော ဟုတ်နိုးနိုးနှင့် ယောင်တီး ယောင်တ အကြံမရ ဖြစ်နေရှာလေ၏။ ထို့ကြောင့်လည်း အင်္ဂလိပ် စစ်သင်္ဘောများ နေပြည်တော်သို့

နီးကပ်လာသောအခါ၌ ပြင်သစ် ကိုယ်စားလှယ်က ဘုရင်မင်းမြတ်အား **"အင်္ဂလိပ်များ နန်းကို မသိမ်းနိုင်ရန် ဒေါင်းလံနှင့်ပြင်သစ်အလံ ယှဉ်တွဲ၍ နန်းတော်မှာ တင်တော်မူပါ၊ သို့မဟုတ် ကျွန်တော် မျိုးတို့ ပြင်သစ်ဝင်းထဲကို ထွက်တော်မူပါဘုရား"**ဟု တင်လျှောက် သည်ကိုပင် လိုက်နာခြင်းမရှိသဖြင့် ထိုအကြောင်းကို ကင်းဝန်မင်းကြီး သိပြန်သောအခါ ပြင်သစ်ကိုယ်စားလှယ်မှာ နောက်ထပ် နန်းတော်သို့ ဝင်ခွင့်မရဘဲ ရှိရလေတော့၏။

အထက်က ဖော်ပြပြီးဖြစ်သော ဆီးဘန်နီ ဆရာတော်ဘုရား၏ ရတုတွင်ပါသည့် "ကုလားနိုင်ငံ - လွှဲပြောင်းစံရှင့်" ဟူသော ကိန်းဆိုက် ရလေအောင် ဖန်တီးလာသော ကံကြမ္မာသည် ၁၂၄၇- ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်နေ့တွင် အစွမ်းကုန် တန်ခိုးပြ လေတော့၏။ အကြောင်းမူကား ထိုနေ့တွင် အင်္ဂလိပ် စစ်သင်္ဘောများ ရွှေမြို့တော်ဆိပ်ကမ်းသို့ ဆိုက်ကပ်မိလေသောကြောင့် ဖြစ်၏။ ထိုအခါ ကာနယ်ဆလေဒင်သည် လက်နက်မပါ တကိုယ်တည်း နန်းတော်ဝင် လာပြီး သီပေါမင်းတြားအား -

> **" စိုးရိမ်ကြောင့်ကြ ဖြစ်တော်မမူပါနှင့်ဘုရား၊ ကျွန်တော်မျိုးများသည် နက်ဖြန် အပါးတော်ဝင် ပြီး အလိုရှိရာတောင်းဆိုစာချုပ်၍ ပြန်ပါမည်" ဟု လျှောက်တင်၍ ပြန်သွားလေ၏။**

ထိုသို့ ဆလေဒင်လျှောက်တင်ချက်စကားမှာ ကင်းဝန်မင်းကြီး အထက်က တင်လျှောက်ချက်နှင့် ထပ်တူထပ်မျှ ဖြစ်နေ၍ အင်္ဂလိပ်တို့ အကြောင်းကို မသိသော သူတို့၏စိတ်တွင် ဟုတ်ကောင်း ဟုတ်ပေလိမ့် မည်ဟု ထင်မှတ်ဘွယ်ရာ ရှိပေ၏။ သို့သော်လည်း နောက်တနေ့တွင် အင်္ဂလိပ်စစ်သင်္ဘောပေါ် သို့ သီပေါမင်းနှင့်မိဖုရားကြီးတို့ ရောက်နေခြင်း ကို တွေ့မြင်ရခြင်းအားဖြင့် ဆလေဒင်၏ လျှောက်တင်ချက် စကားမှာ မလိမ့်တပတ်လျှောက်ထားချက်မျှသာဖြစ်ကြောင်း ထင်ရှားပေတော့၏။

ဆလေဒင်ပြန်သွားပြီးနောက် နောက်တနေ့တွင် ကုလားစစ်သား အင်္ဂလိပ်စစ်သားတို့သည် မြို့တော်ကြီးကိုဝင်း၊ အတွင်းသစ်တပ်ကိုဝင်း၊ နန်းတော်ကြီးကိုဝင်း အသီးသီးဝိုင်းကြလေ၏။

သို့ရာတွင် ကင်းဝန်ဂိုဏ်းမှအပ ဘုရင်နှင့်တကွ ရိုးလှသော မြန်မာတို့မှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကိုအပြီးသတ်သိမ်းယူကြောင်း မရိပ်မိရှာကြသေးပေ။ တကယ်ပင် စာချုပ်ရအောင်လာသည်ဟု ဆလေဒင်၏ စကားကို ယုံကြည်နေသေးသော ဘုရင်မင်းမြတ်သည် **"ဥယျာဉ်တော်ကို ခေတ္တခဏသာ ရွှေ့ဆင်းတော်မူပါဘုရား၊ နောက် စာချုပ်ဆိုပြီး အသျှင်နန်းမတော်ဘုရားလည်း နန်းတော်ကြီးမှာပင် မီးရှူးသန့်စင် တော်မူပါဘုရား"** ဟု ဆလေဒင် တင်လျှောက်စကားကို ကြားရလျှင် ဘုရင်မင်းမြတ်က **"ဆလေဒင် မနေ့ကစကားတမျိုး ယနေ့ စကား တမျိုးပါလား"** မိန့်ဆိုတော်မူရာ၊ **"ခေတ္တပါဘုရား"** ဟုသာ ဆလေဒင်က တင်လျှောက်လေ၏။ **"မင်းကြီး ဘယ့်နှယ်ရှိစ"** ဟု ဘုရင်မင်းမြတ်က အနီး၌ခစားလျက်ရှိသူ ကင်းဝန်မင်းကြီးအား မိန့်တော်မူသော်လည်း ကင်းဝန်မှာ မည်သို့မျှမတင်မလျှောက်ဘဲ ဝပ်ပြားလက်ယှက်၍သာ နေတော့၏။

မငြင်းဆန်သာဘဲ ဥယျာဉ်တော်သို့ ရွှေ့ဆင်းရပြီးနောက် နံနက်စာပွဲတော်တည်ပြီးလျှင် ဆလေဒင်ရောက်လာပြန်၍ **"ရေဆိပ်သင်္ဘောပေါ် ဆင်းတော်မူပါဘုရား၊ ခေတ္တလိုက်တော်မူပါဘုရား၊ ဆွေတော် မျိုးတော်များကိုလည်း အရှင်ကြည့်ရှုသကဲ့သို့ ကျွန်တော်မျိုးများ စောင့်ရှောက်ကြည့်ရှုပါမည်"** လျှောက်ထားသောအခါမှ ရေတိမ်တွင်နစ်ကြောင်း သိရှိရရှာတော့၏။ ထိုအခါမှ **"ဘယ့်နှယ်တုန်း ဆလေဒင် စကားမမှန်ပါတကား"** ဟုသာ စိတ်အားပျက်စွာနှင့် ဘုရင်မင်းမြတ်က မိန့်တော်မူလေရာ **"ဘုရင်မကြီးဆီက ကြေးနန်းရောက်လို့ပါဘုရား ခေတ္တပါ"** ဟု တင်လျှောက်သဖြင့်။

**"မင်းကြီးများ၊ ကျုပ် ရန်သူလက်သို့ တဖြေးဖြေး ရောက်မှန်းမသိရောက်ရပြီ၊ နောက် မင်းကြီးတို့နှင့်တွေ့ဦးမည် ထင်သေးရဲ့လား"** ဟု အမတ်ကြီးများအား သီပေါမင်းမြတ်က အမိန့်တော်ရှိလျှင်

တိုင်တားမင်းကြီးမှာ ဘုရင့်ခြေတော်စုံကို အတင်းဖက်၍ ကြုံကြုံချ ငိုရှာလေ၏။ ဆလေဒင်က ကိုင်ဆွဲထားရ၏။ ကင်းဝန်မင်းကြီးကား ခပ်မဆိပ် နေလေတော့၏။ စကားမှ မပြောဝံ့တော့ပြီ။

ထို့တောက် လူနာ လူသေ တင်သော ထမ်းစင်နှင့် ဘုရင်အား တင်ဆောင်မည်ပြုရာ တိုင်တားမင်းကြီးက ဘီဒိုလှည်း ၂ စီးထုတ်ပေး သဖြင့် သီပေါမင်း၊ မိဖုရား၂ ပါး၊ ဆင်ဖြူမရှင်၊ ထိပ်စုဖုရားကြီး၊ သမီးတော် ၂ ပါး၊ ပင်းယမင်းသမီး၊ မိုးညှင်းမင်းသမီး၊ သုံးဆယ်မင်းသမီး တို့ပါ ဘီဒိုလှည်း ၂ စီးနှင့် တင်ဆောင်၍ ရေဆိပ်သို့ ယူဆောင်သွား ပြီးလျှင် "သူရိယ" အမည်ရှိ သင်္ဘောပေါ်သို့တင်ပြီး ဘေး ၂ ဘက်က သင်္ဘော ၂ စင်းညှပ်၍ထားလေ၏။ ကြက်ငှက်ငယ်ပမာ လှည့်စားခြင်း ခံရ၍ လွယ်ကူစွာပါတော်မူရကြောင်းကို သိရှိကြသော မြို့တော်သူ မြို့တော်သားတို့မှာကား ပူဆွေး ငိုကြွေးခြင်းမှတပါး အခြားမည်သို့မျှ မတတ်နိုင်တော့ပြီ။ ပူဆွေးငိုကြွေးခြင်းဖြင့် မျက်ရည်ခံထိုးကြသော်လည်း အကျိုးမထူး ပကတူးကအကြံ လိမ်သည့်ဉာဏ်ကို ရိပ်မိတန်ကောင်း လျက် အကြောင်းမတန် ဖြစ်ရဟန်ကား မြန်မာပြည်နှင့် အမျိုးသားတို့ ၏ ကံအကြောင်းတရားဟုပင် ဆိုရမည်လော၊ မဆိုထိုက်လေ။ ကင်း ဝန်မင်းကြီး၏ အပြစ်ချည်းသာလော၊ ထိုသို့လည်းမဟုတ် အချုပ်ကား မြန်မာတို့ ကျွန်ဖြစ်ရသောအမှုကြီးတွင် ၁-တရားခံ ကင်းဝန်၊ ၂-တရား ခံ ဆင်ဖြူမရှင်၊ ၃-တရားခံ မိဖုရား၊ ၄-တရားခံ ရှင်ဘုရင် ဟုသာ ဤ ဆောင်းပါးရေးသူ ကျွန်ုပ်က စွပ်စွဲချင်တော့သတည်း။

## "သူရိယ" ပေါ်တွင် စံနေစဉ်

ထိုသို့သောအချိန်အခါတွင် ညောင်ရမ်းမင်းသားနှင့် ထိပ်စုဘုရား ကြီးကိုလက်ထပ်ပြီး နန်းတင်မည်ဟူသောစကားသည် အထင်အရှား အပြောများလျက်ရှိလေ၏။ နိုင်ငံဆုံးရှုံးရခြင်းအကြောင်းတွင် ထိုအ ကြောင်းသည် အရေးအကြီးဆုံးတရပ်ဟု ရာဇဝင်မှတ်သူတို့ကဆိုကြ၏။

သီပေါမင်း-မိဖုရားကို မလိုလားသော ဂိုဏ်းသားများက ဤဘုရင် နှင့် ဤမိဖုရား ထီးနန်းတွင် ကြာရှည်ထားက နိုင်ငံပျက်ပြားရာသော အကြောင်းပင်ဖြစ်သည်ဟု ယုံကြည်ကြ၏။ အကြောင်းကား မိဖုရား ဩဇာလွှမ်းမိုးနေသောကြောင့်ဖြစ်သည်ဟုဆို၏။ ထို့ကြောင့် ညောင် ရမ်းမင်းသားကို ဘုရင်အဖြစ် နန်းတင်ရန်ကြံစည်ကြ၏။ ထိုအကြံတွင် အင်္ဂလိပ်တို့လည်း ပါသည်ဟုဆိုရ၏။ သို့ရာတွင် စိတ်ကောင်း သဘော ကောင်းနှင့် ပါခြင်းမဟုတ်ကြောင်းမှာ နိုင်ငံတော်ပါသွားရသောအခါ မှ ရိပ်မိကြတော့သည်ဟု ပြောဆိုကြ၏။ ထိုစကား ဟုတ်မှန်ကြောင်း ထောက်ခံချက်ရှာရန်ကား များစွာမခက်တော့ပေ။ အပါးတော်မြဲ ဦးစံရွှေ၏မှတ်စု၌ ရေးသားထားသည့်အချက်တို့တွင် ပါရှိနေပြီဖြစ်၏။

မြစ်တွင်း သူရိယသင်္ဘောပေါ်တွင်စံနေစဉ် သင်္ဘောတစင်း၏ဦး ပိုင်းတွင် ရွှေထီးများနှင့် မင်းသားကဲ့သို့ဝတ်ဆင်ထားသူတယောက်ကို သီပေါမင်းတြား တွေ့မြင်တော်မူရလေ၏။ အချို့က ညောင်ရမ်းမင်း သားဟု မှတ်ထင်ကြသော်လည်း စင်စစ်ကား ညောင်ရမ်းနှင့်ဆင်တူ သူ အင်္ဂလိပ်အမှုထမ်း ဦးဘသန်းဆိုသူပင်ဖြစ်၏။ ညောင်ရမ်းမင်းသား ဟန်ဆောင်လာခြင်းပင်တည်း။ သီပေါမင်းတြား၏ ခိုင်းစေတော်မူချက် အရ ပင်းယမင်းသမီးသည် စုံစမ်းလေရာ ထိပ်စုဘုရားကြီး အပျိုတော် များက **"တို့သခင် ထိပ်စုဘုရားကြီးသည် ညောင်ရမ်းကိုယ်တော် ကြီးနှင့် လက်ထပ်ပြီး နန်းတက်တော့မည်၊ ဟိုသင်္ဘောဦးပိုင်းက ညောင်ရမ်းကိုယ်တော်ကြီးဘဲ"** ဟု ဝမ်းသာအားရ ရယ်မောပြောဆို ကြသည့် အကြောင်းကို ပြန်လည်တင်လျှောက်လျှင် သီပေါမင်းလည်း သင်္ဘောအခန်း တရုပ်ကပ်ကို အသာလှပ်၍ အတန်ကြာကြည့်ရှု တော်မူပြီး **"နောင်တော် ညောင်ရမ်းမဟုတ်ပါဘူး ငါ့နောင်တော်ကို ငါသိပါတယ် ဘယ်ကလူမှန်းမသိ"** ဟု မိန့်တော်မူလေ၏။

## ကုလားနိုင်ငံ လွှဲပြောင်းစံရှင့်

နောက်တနေ့ တန်ဆောင်မုန်းလဆုတ် ၉ ရက်နေ့တွင် ရတနာပုံ ရွှေမြို့တော်ကြီးမှ အင်္ဂလိပ်စစ်သင်္ဘောများ စုန်ဆင်းလေရာ မင်း မိဖုရား စသည်တို့မှာ ဆင်ကျုံးသွင်းခံရသကဲ့သို့ မသက်မသာ လိုက်ပါတော်မူ ကြရရှာလေသတည်း။

စုန်တော်မူရမည့်ခရီးမှာကား မနီးလှပေ။ အချိန်တန်၍ ရန်ကုန် ဇရာက်လျှင် မြစ်ဝတွင် ၃ ရက် ဆိုင်းငံ့ စံနေတော်မူပြီးမှ သီပေါ မင်းတြား အသျှင်နန်းမတော်ဘုရား၊ ထိပ်စုဘုရားလေး၊ သမီးတော် ၂ ပါး၊ မိုးညှင်း၊ ပင်းယ၊ တောင်ဇင်မင်းသမီးများ၊ စာရေးတော်ကြီး ဦးဆိုင်နှင့် အပျိုတော် များပါ "ကလိုက်" သင်္ဘောပေါ်သို့ ရွှေ့ပြောင်း တင်ဆောင်၍ လှိုင်းလေကြမ်းသည့် ပင်လယ်လမ်းခရီးသို့ ရှေ့ရှုထွက်ခွာ လေ၏။ ပင်လယ်ရောက်သောအခါ ဘယ်ပို့မည်မသိသဖြင့် ပင်းယ မင်းသမီးကိုခေါ်တော်မူ၍ သင်္ဘောကုန်းပတ်တွင် တယောက်တည်း ထိုင်နေသော စစ်စကားပြန် မောင်စိုးမင်းအား သွားရောက်မေးချေဟု စေခိုင်းတော်မူရှာလေ၏။ **"ခင်ဗျားတို့လား ရှင်ဘုရင်နှင့်မိဖုရား တခြားစီပို့လိုက်လိမ့်မယ်၊ ခင်ဗျားတို့ကို ရေထဲ တုပ်ချပစ်လိမ့် မယ်"** ဟု ရခိုင်လူမျိုးဖြစ်သော မောင်စိုးမင်းက ပင်းယမင်းသမီး၏ မေးမြန်းချက်စကားမှမဆုံးသေးမီ ရိုင်းစိုင်းစွာ ပြောဆိုကြောင်းများကို အရှင် ၂ ပါးအား ပြန်လည်လျှောက်ထားရာ "ဟယ် မဟုတ်ပါဘူး" ဟု မိန့်ဆိုတော်မူလေ၏။ ရခိုင် မောင်စိုးမင်း ဤသို့ ရိုင်းပြစွာပြောဆို ခြင်းကို အရှင် ၂ ပါးတို့မှာ ခံချင်တော်မူရှာမည်မဟုတ်ပေ၊ ထို့ကြောင့် လည်း နောက် ၇ ရက်ကျော်ကြာ၍ မဒရပ်မြို့သို့ရောက်လျှင် ထိုရခိုင် စကားပြန်အား အလိုတော်မရှိဟု အမိန့်တော်ရှိသောကြောင့် အင်္ဂလိပ် တို့က မောင်စိုးမင်းအား မဒရပ်မှ ပြန်ပို့လိုက်ရလေ၏။ မောင်သိန်း တယောက်သာလျှင် စကားပြန်အဖြစ် အပါးတော်မှာ ခစားရလေ၏။

[မောင်သိန်းဆိုသူမှာ ဝန်ထောက် ဦးဘသွယ် (ဘီ·အေ) ၏ ဖခင် ပင်စင်ရ မြို့အုပ် ကွယ်လွန်သူ ဦးဘိုးသိန်းဖြစ်ကြောင်း။]

သီပေါမင်းတြားကြီးနှင့် အသျှင်နန်းမတော် မိဖုရားကြီးသည် ပင်လယ်၌ လှိုင်းမူးတော်မမူ၊ ပါလာသော ကချင်အပျိုမကလေးများနှင့် မိုးညှင်းမင်းသမီး၊ နဂါးဆင် ခင်လေးတို့ လှိုင်းမူးနေကြသည်ကို စောင့်ရှောက်ကြည့်ရှုတော်မူ၍ ရှုရန် နှာဘူး နှာထုပ်များ လိုက်ပေးတော်မူရှာ၏။ နောက် ၂ ရက်လောက်ကြာလျှင် ရုတ်တရက် သင်္ဘောရပ်ပြီး ပါလာသောစစ်သားများ ပြင်ဆင်ကြသည်ကို မြင်တော်မူသောအခါ သင်္ဘောပျက်သလား၊ စက်ပျက်သလားဟု စိုးရိမ်ကြောင့်ကြ ရှိနေသည်အတောအတွင်း စစ်သင်္ဘောတစင်းက ရပ်တန့်ခိုင်း၍ ရပ်ရသည်၊ မကြာခင် စစ်ဗိုလ်များ အပါးတော်လာကြပါလိမ့်မည် ခွင့်ပြုတော်မူပါဟု အင်္ဂလိပ်တယောက်က လျှောက်လျှင် ပါလာသော အပျိုတော်များ၊ မင်းသမီးများကို နန်းတော်မှာကဲ့သို့ အဝတ်အစားဆင်ပြင်၍ ခစားစေလေ၏။ မကြာခင် စစ်သင်္ဘောက စစ်ဗိုလ်များ အပါးတော်ကို ဦးထုပ်ချွတ်ဝင်၍ နှုတ်ဆက်ကြပြီးလျှင် စုတ်တသတ်သတ်နှင့် သနားသောအမူအရာဖြင့် **"ယူဆောင်ရာသို့ တာရှည်လည်း နေရလိမ့်မည် သဘောမထားတော်မူပါနှင့်"** ဟု မှာထား နှုတ်ဆက်ပြီး ပြန်ကြလေ၏။ အများက ပြင်သစ်စစ်သင်္ဘောဟု ထင်ကြ၏။ ထို့နောက် မဒရပ်ရောက်၍ ဒီမန်းဆင်းခေါ် သုံးထပ်တိုက်ကြီး၌ အရှင်နှစ်ပါးတို့အား ကောင်းမွန်စွာထားရာ တတိယသမီးတော်ကို ထိုတိုက်ကြီးတွင်ပင် ဖွားမြင်တော် မူလေ၏။ နောက် ၆ လကြာလျှင် ရတနာဂီရိသို့ပို့ထားလေရာ ထိုမြို့မှာပင် မင်းတြားကြီးမှာ နတ်ရွာစံသည်အထိ စံတော်မူရရှာလေ၏။ ဆင်ဖြူမရှင်နှင့် ထိပ်စုကြီးဘုရားကိုမူ ထားဝယ်သို့ ပို့ထား၏။ တိုင်တားမင်းကြီးကား ကတ္တက်မြို့၊ ရွှေလန်မြို့ဝန်ကို စစ်တွေသို့ အသီးသီး ပို့ထားလေ၏။

နိုင်ငံနှင့်တကွ မင်း မိဖုရားပါ အင်္ဂလိပ်တို့ရသောကျေးဇူးကြောင့် ပေလားမသိ၊ ကင်းဝန်မင်းကြီးမှာကား မြို့တွင်းနန်းတော်အနီး မိမိနေအိမ်၌ပင် ကောင်းမွန်ချမ်းသာစွာ နေထိုင်ရလေ၏။ အင်္ဂလိပ်တို့ ချီတက်စဉ်က မြင်းခြံမှကျော်လွန်၍ ၂ ရက်မျှ မဆန်တိုက်နိုင်အောင်

ခုခံတိုက်ခိုက်သော်လည်း ခံတိုက်ပါက-သူပုန်ဟူသော ကင်းဝန်၏ နောက်ထပ် ကြေးနန်းအမိန့်ကြောင့် လက်လျှော့လိုက်ရသော လှေသင်း အတွင်းဝန်မှာ ရွှေမြို့တော်ပြန်ရောက်၍ အဖြစ်အပျက်အကြောင်းမျိုး စုံကိုသိရလျှင် ကင်းဝန်မင်းကြီးအား မကြည့်နိုင်လေ၍ မသိ ကင်းဝန် မင်းအား မမြင်ရသောဒေသ ကာလကတ္တားမြို့သို့ သွားရောက်နေထိုင် လေတော့သတည်း။

**လှေသင်းအတွင်းဝန်၏စကား**

**"ဦးကြီးသည် ညကျလျှင် သူရဲကောင်းသုံးရာရွေးပြီးလျှင် ဒါးလွတ်ကိုယ်စီနှင့် ရဲလှေစီးပြီး တိတ်တဆိတ် အင်္ဂလိပ် သင်္ဘောကို တက်ရောက်ခါ နိုင်ငံအတွက် အသက်စွန့်ရန် စိမ့်ပြီးလျှက်နှင့် ညနေအချိန်မှာ ကင်းဝန်ထံက ခုခံမတိုက်ရ ဆုတ်ပေးရမည်၊ အမိန့်ဖိဆန်လျှင် သူပုန်ဟု ကြေးနန်း လာပြန်တာကြောင့် နောက်ထပ် မတိုက်ဝံ့ဘဲ ဆုတ်ပေးရ တယ်၊ ဆုတ်ပေးလိုက်မှသာ အင်္ဂလိပ် သင်္ဘောလဲ ဆန်တက် နိုင်တော့တာဘဲ"**

ဟု လှေသင်းအတွင်းဝန်က ဦးစံရွှေနှင့်တွေ့စဉ် ပြောပြသည်ဟု သိရ ပေ၏။

**နန်းစဉ် ငမောက်**

အလွန်လျှင် အဘိုးထိုက်တန်၍ ထင်ရှား ကျော်စောသော နန်း စဉ်ကျောက် ငမောက်ပတ္တမြားကြီးသည်ကား မင်းအဆက်ဆက်မှ ဆင်းသက် ဆက်ခံခဲ့ရသည်တွင် နောက်ဆုံး သီပေါမင်းတြားလက်ထက် တိုင်းပြည်အပျက်တွင်မှ လူမျိုးခြားလက်သို့ ပါရလေတော့၏။ တိုင်းပြည် နိုင်ငံနှင့်တကွ မင်း မိဖုရားပါ-ပါရရှာသည့်အတွက် ငမောက်ကျောက်မျှ သော ရတနာကို နှမြောဘွယ်ရာ မရှိတော့သော်လည်း ငမောက်၏ သတ္တိကိုကား ကျွန်ုပ်တို့ သိရှိသင့်၏၊ မည်သူ့လက်သို့ ရောက်နေ သည်ကိုလည်း မှတ်သားသင့်၏။

ထိုကျောက်မျက်ရတနာနှင့် ပတ်သက်၍ ပင်းယမင်းသမီးက ပြောပြသည်ကို ဦးစံရွှေ၏မှတ်တမ်းတွင် ဤသို့ တွေ့ရ၏။

**"ငမောက်ကျောက်သည် ကွမ်းသီးလုံးငယ်ခန့်ရှိ၏။ အကွက် မချထား စင်းကြောပင်ဖြစ်သည်။ လက်စွပ်ကွင်းထားသည်။ တည၌ သီပေါဘုရင်မင်းမြတ်က အမိန့်တော်ရှိသည်မှာ နန်းစဉ်ငမောက် ကို မင်းတို့ မမြင်ဘူးကြဘူး၊ လာ-ကြည့်ကြဟု နန်းတော်အခန်းတခုကို အသျှင်နန်းမတော်ဘုရားနှင့် အပျိုတော်များကိုခေါ်သွား၍ ကလပ်ပေါ်မှာတင်ထားပြီး မှောင်ချလျှင် မီးကဲ့သို့လင်းနေသည်၊ နွားနို့ထဲ ဂွမ်းထဲထည့်ပြသောအခါလည်း ပန်းနီဆိုးထားသကဲ့သို့ နီသည်၊ လက်စွပ်ကို မှောက်သောအခါ အရေတစ်စက် ယိုကျမလို ထင်ရသည်၊ ၎င်းကျောက်နီကို တောင်ဥယျာဉ်နန်းတော်မှာ မနက်ပွဲတော်တည်ပြီး ဆလေဒင်က ဘုရင်မကြီး ကြည့်လိုပါသည် ခေတ္တ သနားတော်မူပါတောင်း၍ သဘော်ာမဆင်းခင်ဆင်မြန်း ထားတော်မူသောလက်က ချွတ်ပေးခဲ့ရသည်"**

ဤသို့ သတ္တိထူးရှိသော ငမောက်ပတ္တမြားသည် နိုင်ငံခြားနှင့်ရှုပ်ထွေးသောကိစ္စကြီးတရပ်ကိုပင် ၎င်းကျောက်အစွမ်းဖြင့် ရှင်းလင်းခဲ့ရဘူးသည်ကိုလည်း သတိပြု မှတ်သားသင့်ပေသေး၏။ မင်းတုန်းဘုရင်မင်းမြတ်လက်ထက် ကင်းဝန်မင်းကြီးသည် ဥရောပတိုက်အနောက်နိုင်ငံများသို့ သံအဖြစ် သွားရဘူးသည်ကို အများပင်သိကြပေလိမ့်မည်၊ ထိုစဉ်က ပြင်သစ်ပြည်တွင် ပြင်သစ်သူဌေးများနှင့်ကျောက်တွင်း အရောင်းအဝယ်ပြုခဲ့သည်ကို နေပြည်တော်ပြန်ရောက်၍ အကြောင်းကိုလျှောက်ထားလျှင် ကင်းဝန်၏အမှားကိုမြင်သော ဘုရင်မင်းမြတ်သည် အကြံကြပ်လျက်ရှိရပေ၏။ ထို့နောက်မှ ရွှေပြည်မင်းကြီးကို တိုင်ပင်တော်မူရာ အဆိုပါ ငမောက်ကျောက်ပတ္တမြားကို ပြင်သစ်သူဌေးတို့အားပြ၍ အဖိုးဖြတ်စေ၏။

အဖိုးမဖြတ် နိုင်သောကြောင့် ရွှေပြည်မင်းကြီးက **"ဤကျောက်တလုံးကိုမှ အဖိုးမဖြတ်နိုင်လျှင် ဤကျောက်မျိုး အများထွက်သောကျောက်တွင်းကို မည်သို့အဖိုးဖြတ်မည်လဲ"** ဟူသော နောက်ဆုံးစကားရပ်ဖြင့် ကင်းဝန်၏အမှားကို အမှန်ရောက်အောင် ပြုပြင်နိုင်ခဲ့လေ၏။ ဤသည်ကား ငမောက်၏ သတ္တိပင်တည်း။

ဆလေဒင်ထံသို့ ပေးအပ်လိုက်ရသည်မှာ ငမောက်ကျောက် တခုတည်းသာလျှင်မဟုတ်၊ စိန်နားပန် ၃၀၀ စီ ထည့်သော သေတ္တာ ၂ လုံးလည်း ရှိသေး၏။ ထိုသေတ္တာ ၂ လုံးကို လမ်းခရီး၌ အန္တရာယ်ဖြစ်မည်စိုး၍ ခေတ္တထိန်းသိမ်းထားရန် နောက်ပြန်ဆက်ပါမည်ဟုလည်းဆလေဒင်က လျှောက်တင်သောကြောင့် ယုံကြည်အပ်နှံခဲ့သော်လည်း ပြန်မရဘဲ အဆုံးခံရတော်မူ၏။ ထို့ကြောင့် ခရစ်သက္ကရာဇ် ၁၉၁၁ ခုနှစ် ဂျော့ဘုရင် အိန္ဒိယနိုင်ငံသို့ စာသွင်းရာ၌ "ဆလေဒင်ကို ငမောက်ကျောက်နီလက်စွပ်၊ စိန်နားပန်သေတ္တာကြီး ၂ လုံး အပ်ထားသည်ကိုလည်း ပြန်မရကြောင်း" များကို အခြားအကြောင်းများနှင့် ရေးသွင်းသောစာတွင် ဖတ်ရှုတွေ့မြင်ရ၏။ သို့ရာတွင် ပြန်ရရန်မျှော်လင့်ဖွယ်ကား မရှိတော့ပြီ။

အဘယ်ကြောင့် ပြန်မရနိုင်ပြီဟု တထစ်ချ ကျွန်ုပ်ရေးသားဖော်ပြရပါသနည်းဟူမူ စတုတ္ထသမီးတော်၏ အရေးတော်ပုံ စာတမ်း၌-

> **"ခမည်းတော် မယ်တော်တို့သည် ရတနာဂီရိရောက်တော်မူ၍ အတော်ကြာလျှင် အစိုးရက ငွေကြေးမထောက်ပံ့သဖြင့် ပါရှိသော ပစ္စည်းများ အသုံးပြု၍ကုန်ခြင်း၊ မည်သည့်နေ့တွင် အင်္ဂလိပ်အစိုးရနှင့် စာချုပ် မြန်မာနိုင်ငံပြန်ရမည်ကို မသိခြင်းကြောင့် ဆလေဒင်ထံ အပ်တော်မူခဲ့သော ပစ္စည်းများကို ခမည်းတော် မယ်တော်တို့ထံ တင်ပို့စေရန် ဆိုင်ရာအစိုးရအား ပြောဆိုရာ ဆလေဒင် ဘိလပ်ပြန်သွားပြီဟု ပြန်ကြားပြောဆိုကြောင်း၊ ထို့နောက် ဆလေဒင် သေပြီဟု ပြန်ကြားပြောဆိုကြောင်း"**နှင့် ဖတ်ရှုတွေ့မြင်ရသောကြောင့်ပင်ဖြစ်သတည်း၊

ပစ္စည်းစာရင်း အကျယ်ကို စတုတ္ထသမီးတော်၏စာအုပ်တွင် ဖော်ပြထားသော်လည်း ယခုဆောင်းပါးမှာ ဦးစံရွှေ၏မှတ်တမ်းကိုသာ အခြေပြု ရေးသားရသည်ဖြစ်၍ စတုတ္ထသမီးတော်၏စာအုပ်ပါ အချက်တို့ကို ဖော်ပြခွင့်မရှိလေ။ ဤဆောင်းပါးတွင်မပါ များစွာသော အတွင်းရေးအဖြစ်အပျက်တို့ကို စတုတ္ထသမီးတော်စာတမ်းတွင် ကြည့်ရှုနိုင်ကြောင်းကိုလည်း ကြားညပ်၍ ညွှန်ကြားအပ်ပါကြောင်း။

## တိုက်တော်စံနန်း

ရတနာဂီရိ၌ ပဌမစံတော်မူရသော တိုက်နန်းတော် ဓါတ်ပုံတွင် ဖော်ပြပြီးဖြစ်သည်အတိုင်း မြန်မာဘုရင်မင်းမြတ်၏ဂုဏ်ဒြပ်နှင့်မအပ် မနိုင်းယှဉ်လောက်အောင်ပင် သေးသိမ်ညံ့ဖျင်းသောကြောင့် သီတင်း ကျွတ်ပွဲတော်အခါ အမြို့မြို့အရွာရွာမှ ခြေတော်ဦးခိုက် အဖူးအမျှော် ဆိုက်ရောက်ကြသော ပရိသတ်များအား ကောင်းစွာညှော့ခံနိုင်ခြင်း မရှိရကား သီပေါဘုရင်မင်းမြတ်မှာ စိတ်ကောင်းတော်မူရှာမည်မဟုတ် ပေ။ ညှော့ခံရာ၌ ကုန်ကျငွေ လက်ဆောင်တုံ့ပြန်သဖြင့် ကုန်ကျငွေ တို့ကို "သီပေါဘုရင် ရံပုံငွေ" မှ ရံပုံငွေအုပ်ထိန်းရသော ဘုံဘိုင်ဝန်ကြီး ချုပ်က ထုတ်ပေးရလေသည်။ ထောက်ပံ့ငွေ လစာတော်မှာ အင်္ဂလိပ် အစိုးရက တစ်နှစ် တစ်သိန်းဆက်သသဖြင့် ကျွန်ုပ်တို့ မြန်မာဘုရင် မှာ ယခုခေတ် ဘုရင်ခံလစာမျှသာရရှိကြောင်း သိနိုင်ပေ၏။

ထိုသို့ ပထမစံတော်မူရသောတိုက်မှာ ဂုဏ်နှင့်မလိုက် သိုက်မြိုက် တင့်တယ်ခြင်းမရှိသည်ဖြစ်သောကြောင့် ကျက်သရေရှိပါပေသည်ဟု ရှုမြင်ရသူတို့၏စိတ်တွင် ထင်မြင်လောက်သော တိုက်သစ်ကြီးကို ငွေ ၆ သိန်းကျော် အကုန်ခံ၍ အင်္ဂလိပ်အစိုးရတို့က ထပ်မံဆောက်လုပ် ပေးရလေ၏။ ထိုတိုက်တော် စံနန်းမှာ ပင်လယ်ကမ်းတောင်ကုန်းပေါ် တွင် တည်ဆောက်ထားသည်ဖြစ်သောကြောင့် ပင်လယ်ဘက်သို့ ရှု မျှော်သော် လွန်စွာမှ စိတ်ကြည်နူး လွမ်းဆွတ်ဖွယ်ရာသော ရှုမျှော် ခင်းတို့ တွေ့မြင်နိုင်သဖြင့် အပူဓာတ်ခံရှိသူတို့မှာ ပူဆွေးဖွယ်ရာကို မေ့ပျောက်သော်လည်း မေ့ပျောက်ရာ၏။

တိုးတက်ကြေကွဲသော်လည်း ကြေကွဲရာ၏။ လူ့စိတ်ခာတ်ကို အမျိုးမျိုး ဖန်တီးပေးနိုင်သော အဆောက်အဦ တိုက်တော်စံနန်းပင် ဖြစ်ပေသတည်း။

တိုက်တော် အတွင်းဘက်မှာကား လိုလေသေးမရှိစေရန် ဘိလပ်ထည် အိမ်ထောင်မှုပစ္စည်းအရပ်ရပ်တို့ကို လှပတင့်တယ်စွာ ဘုံဘိုင်မြို့ ဂျွန်ရောဘတ် ကုမ္ပဏီက တာဝန်ယူ၍ ပြင်ဆင်စီမံပေးရလေ၏။ သို့ရာတွင် တိုက်တော်သစ်သို့ ရုတ်တရက် ပြောင်းရွှေ့တော်မမူသောကြောင့် နိုင်ငံရေးအရာရှိ မစ္စတာ ကွန်းဘားက **"တိုက်တော်ဟောင်းကို အစိုးရက တိုက်ခပေးနေရပါသည်၊ ယခု တိုက်သစ်ကြီးလည်း ပြီးစီးပြီ ဖြစ်သောကြောင့် အလဟဿ ငွေမကုန်စေရန် တိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်ပါမည့်အကြောင်း"** နှင့် အကြိမ်ကြိမ် စာရေးလျှောက်ထားလေ၏။ သို့ရာတွင် အကြောင်းကိစ္စတစ်ခုကြောင့် မပြောင်းမရွှေ့ဘဲ တိုက်တော်ဟောင်းမှာပင် စံနေတော်မူလေ၏။ ထိုအကြောင်းကိစ္စတရပ်ကား အသို့နည်း။

## ဦးစံရွှေ-စက်လှည့်ပုံ

တပည့်လိမ္မာ ဆရာအာပတ်လွတ်ဟူသော စကားသည် ဘုန်းတော်ကြီးများနှင့်သာ သက်ဆိုင်လင့်ကစား မင်းမှုထမ်း မင်းခစားတို့အတွက်လည်း မိမိတို့အရှင်သခင် ဂုဏ်မငယ်စေရန် လိမ္မာချေင်စွာရှိဖို့ သတိရစေသော စကားပုံပင်ဖြစ်လေသည်။ သီပေါဘုရင်မင်းမြတ်မှာ တစ်နိုင်ငံတွင် စံရစဉ်အခါ၌ မိမိဆန္ဒပြည့်ဝစေရန် မိမိဂုဏ်ဒြပ်ကိုငဲ့၍ အရာရာတွင် ကိုယ်တော်တိုင် ဖွင့်ဟနိုင်မည်မဟုတ်ပေ။ ထိုအခါမျိုးတွင် တပည့်လိမ္မာ (ဝါ) ပရိယာယ်သုံးတတ်သော အမှုထမ်းကောင်းတို့လိုသောအခါမျိုးပင်ဖြစ်သည့်အတိုင်း အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေသည် ဘုန်းတော်ကြီးဘုရား လိုလားတောင့်တတော်မူသော ဆန္ဒပြည့်ဝစေရန် ကြံစည်မှုအတွက် အကွက်ပေါ်လာသည်ကို အထမြောက်အောင် စွမ်းဆောင်နိုင်သဖြင့် ဦးစံရွှေအား မချီးမွမ်းဘဲမနေနိုင်ပေ။ ဘုရင်မင်းမြတ်ကလည်း ကျေးဇူးတင်ပေမည်အမှန်ဖြစ်၏။

ရတနာဂီရိသို့ရောက်သည်မှစ၍ နှစ်ပေါင်းများစွာ ဆရာတော်သံဃာတော်များအား မဖူးမတွေ့ရသော သီပေါဘုရင်မင်းမြတ်သည် မိမိကိုးကွယ် ဆည်းကပ်ခဲ့သော ဆရာတော်များအား ဖူးတွေ့လိုသော ဆန္ဒ ပြင်းစွာဖြစ်ပေါ်ခဲ့လေ၏။ မကြာမကြာလည်း ထိုအကြောင်းကို ဦးစံရွှေ ဖွင့်ဟမိန့်ဆိုတော်မူ၏။ သို့ရာတွင် အခွင့်သင့်သောအခါ ကြံစည်ပါမည်ဟူ၍သာ အပါးတော်မြဲ ဦးစံရွှေက ဘုရင်မင်းမြတ်အား လျှောက်ထား နှစ်သိမ့်ရလေ၏။ သို့အခါအခွင့်ကို ရှာနေဆဲ တိုက်သစ်ကြီးပြောင်းရွှေ့ရန်အရေးသည် ပေါ်လာခဲ့လေ၏။ ဘုရင်မင်းမြတ်က အခါခါ ငြင်းပယ်လျှက် တိုက်သစ်ကြီးသို့ မပြောင်းရွှေ့ဘဲနေသည်ကို အကြောင်းရှာသောအခါ တိုက်သစ်တက်ခြင်းကို အကြောင်းပြု၍ ဆရာတော်များအား ဖူးတွေ့ တရားတော်နာယူလိုသော အကြောင်းပင်ဖြစ်သည်ကို အမှန်အတိုင်း တွေးတောမိလေ၏။

ထို့ကြောင့် ဦးစံရွှေသည် ဘုရင်မင်းမြတ်၏ဆန္ဒတော် သဘောတူညီချက်ကိုယူ၍ နိုင်ငံရေးအရာရှိထံ စာပြန်လိုက်လေ၏။ ထိုစာတွင် အင်္ဂလိပ်အစိုးရက ငွေ ၆ သိန်းကျော် ၇ သိန်းခန့် အကုန်အကျခံ၍ ဆောက်လုပ်ပေးဆက်သည့် တိုက်နန်းတော်ကြီးအတွက် မြန်မာဘုရင်မင်းမြတ်က ကျေးဇူးတင်ကြောင်း၊ သို့ရာတွင် မြန်မာဗုဒ္ဓဘာသာတို့၏ ထုံးစံအတိုင်း တိုက်နန်းတော်တက်မင်္ဂလာ ပရိတ်တော်နာပြီးမှ ပြောင်းရွှေ့နေထိုင်ကောင်းသည်ဖြစ်၍ တိုက်နန်းသစ်ကြီးတွင် ပရိတ်တော်နာလိုသောဆန္ဒတော်ရှိကြောင်းများ ပါရှိလေရာ အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေ၏စာကို ဖတ်ရှုရသော နိုင်ငံရေးအရာရှိသည် ထိုအကြောင်းကို ဆွေးနွေးရန် ချက်ချင်းပင် မိမိနေအိမ်သို့ လက်ဖက်ရည်သောက် ဖိတ်သဖြင့် သွားရောက်ရလေ၏။

နိုင်ငံရေးအရာရှိ။ ။ **"ဘုန်းတော်ကြီးဘုရား ဘာကို အလိုတော် ရှိပါသလဲ၊ တိုက်သစ်ကြီးကို ပြောင်းရွှေ့ရန် အစိုးရဆီက စာအကြိမ်ကြိမ် ရောက်ပါတယ်၊ ပြောင်းရွှေ့ရန် မောင်စံရွှေက တင်လျှောက်ပါ"။**

အပါးတော်မြဲ။ ။ "ဝန်ထောက်မင်းလဲ မြန်မာပြည်မှာ အနှစ် ၂၀ကျော် နေခဲ့ရဘူးပါတယ်၊ မြန်မာမိန်းမလဲ ရဘူးသည်ဖြစ်၍ မြန်မာထုံးစံကို ကောင်းမွန်စွာ နားလည်ပါလိမ့်မယ်၊ အလွန် ဆင်းရဲသော မုဆိုးမပင်ဖြစ်သော်လည်း အစိတ် နှစ်ဆယ်တန် တဲအိမ်ကလေးဆောက်လျှင် အိမ်မတက်ခင် အသက်ရှည်ဖို့၊ ကျန်းမာဖို့၊ ကုသိုလ်ဖြစ်ဖို့ ဘုန်းတော်ကြီး တစ်ပါးဖြစ်ဖြစ်၊ ၂ ပါးဖြစ်ဖြစ်၊ တတ်နိုင်သလောက်ပင့်ပြီး ပရိတ်နာယူလေ့ရှိပါတယ်။ ဒီလို ပရိတ်နာယူပြီးမှ အိမ်သစ်ကို ပြောင်းရွှေ့နေထိုင်လေ့ရှိကြ ပါတယ်။ ဝန်ထောက်မင်းလဲ သည်ထုံးစံကို သိပြီးမို့ အထူး ပြောဖို့မလိုပါ။ ထိုနည်းအတိုင်းဘဲ မြန်မာဘုရင်မင်းမြတ်ကလဲ တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးနဲ့မဆိုင်တဲ့ ဘာသာရေးသက်သက် တိုက်နန်းတော်သစ်တက်ခြင်းမင်္ဂလာ ပြုလုပ်တော်မူလိုသော ဆန္ဒ ရှိကြောင်း သိရပါတယ်"။

နိုင်ငံရေးအရာရှိ။ ။ "ကောင်းပါပြီ၊ ကျုပ် ညနေ ၅ နာရီ အပါးတော်သို့ ဝင်ရောက်ပါမည်၊ မောင်စံရွှေကသာ တင်လျှောက် နှင့်ပါ"။

ဤသို့ မြန်မာဘုရင့်အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေနှင့် အင်္ဂလိပ် အစိုးရ၏ နိုင်ငံရေးအရာရှိ မစ္စတာကွန်းဘားတို့ ဆွေးနွေးပြောဆို ပြီးနောက် ဦးစံရွှေ ပြန်လာ၍ အကျိုးအကြောင်းကို လျှောက်တင်လျှင် ဘုရင်မင်းမြတ်လည်း "တို့ဆရာတော်ဘုရားများကို ဖူးလိုသည်၊ တရားတော်လည်း နာလိုသည်မှာကြာပြီ၊ အရင် ခဏခဏပင့် သော်လည်း မရ၊ ယခု မောင်စံရွှေရဲ့အကြံ အထမြောက်မှမြောက် ပါ့မလား" ဟု မိန့်ဆို ညည်းညူတော်မူရှာလေသည်။

"ကျွန်တော်မျိုး တင်သည့်အတိုင်း ညနေ နိုင်ငံရေးအရာရှိ အပါးတော်သို့ အခစားရောက်လျှင် မြန်မာဗုဒ္ဓဘာသာထုံးစံရှိ သည့် အိမ်သစ်တိုက်သစ်ကို ဘုန်းတော်ကြီးများ ပရိတ်တော်ရွတ်

ဆုတောင်းမေတ္တာ ပို့ပြီးမှ ပြောင်းရွှေ့နေထိုင်ကောင်းသည်၊ သို့မဟုတ် ဖျားနာ ဥပါဒ်ရောက်တတ်သည်ဖြစ်၍ ရွှေမြို့တော် ရတနာပုံက ဆရာတော် ၅ ပါးနှင့် ပွဲသဘင်ကျင်းပရန် ဇာတ်ဆိုင်း ပါခေါ်လိုသည်ဟု အမိန့်တော်ရှိပါမည့် အကြောင်း၊ ကျန်ကိစ္စများ ကျွန်တော်မျိုးတာဝန်ထားပါ၊ ဆန္ဒတော်ပြည့်ဝရန် ကြိုးစားပါ မည်ဘုရား" ဟု ဦးစံရွှေက လျှောက်ထားနှစ်သိမ့်လျှင် ဘုရင် မင်းမြတ်လည်း **"ကောင်းပြီ"** ဟု မိန့်တော်မူလေ၏။

ထိုနေ့ညနေ နိုင်ငံရေးအရာရှိ အပါးတော်သို့ အခစားရောက်လာ လေ၏။ ဘုရင်မင်းမြတ်လည်း ဦးစံရွှေ လျှောက်တင်အကြံပေးထား သည့်အတိုင်း မိန့်တော်မူလေ၏။ ငွေတော် မည်မျှကုန်ကျပါမည်နည်း ဟု နိုင်ငံရေးအရာရှိက လျှောက်ထားရာ **"ကျွန်ုပ်မသိ မောင်စံရွှေနှင့် တိုင်ပင်၍လုပ်ကြ"** ဟု အမိန့်တော်မြတ် ချမှတ်တော်မူသည့်အတိုင်း အပါးတော်မှထွက်ခွာခဲ့ကြပြီးနောက် စာရင်းအကြမ်း စီမံကြည့်ရာ ငွေ ၅ သောင်းခန့် ကုန်ကျမည်ကို တွက်ချက်သိရှိရလေ၏။ ထိုအခါ နိုင်ငံ ရေးအရာရှိက ၃ သောင်းခန့် ကုန်ကျမည်ဟု စာရင်းလုပ်၍တင်ပါဟု ပြောဆိုပြီး နိုင်ငံရေးအရာရှိလည်း ပြန်လေ၏။

နောက်တစ်နေ့တွင် အကျိုးအကြောင်း စုံလင်စွာရေး၍ တင်ရာ ငွေတော် ၂ သောင်း ထုတ်ပေးရန်သင့်ကြောင်းနှင့် နိုင်ငံရေးအရာရှိ ၏ ထောက်ခံချက်အရ ဘုံဘိုင်အစိုးရနှင့် မြန်မာပြည်အစိုးရတို့ကလည်း သဘောတူညီကြကြောင်းကို ရက်မကြာမီအတွင်းတွင်ပင် သိရှိအခွင့် ရလေ၏။ ထို့ကြောင့် အခွင့်အမိန့်အရ ဦးစံရွှေသည် တိုက်သစ် စံနန်း တော်တက်မင်္ဂလာ အခမ်းအနားစီစဉ်ရန် မြန်မာပြည်သို့ ၁၂၇၂ ခုနှစ် သီတင်းကျွတ်လတွင် ထွက်ခွာခဲ့ရလေသတည်း။

## သီပေါမင်းတြား မျက်ရည်တော်ကျပုံ

မန္တလေးမြို့တော်တွင် ဦးစံရွှေသည် လေှသင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်၊ ဝက်မစွတ် ဝန်ထောက်မင်း စသော မှူးတော် မတ်တော်ကြီးများ၊ လူကြီးလူကောင်းများနှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် ငွေတော်တစ်သောင်းကို မန္တလေးငွေတိုက်မှပင် ထုတ်ယူ၍ စီမံဖွယ်ရှိသမျှတို့ကို စီမံပြီးလျှင် -

**မိုးကောင်းဆရာတော်ဘုရားကြီး၊**
**ဘေးမဲ့ဆရာတော်ဘုရားကြီး၊**
**တိုက်အုပ်ဆရာတော်ဘုရားကြီး၊**
**မောက်ကျိုးဆရာတော်ဘုရား၊**
**ရတနာဂီရိဆရာတော်ဘုရားတို့နှင့်တပည့်များ၊**
**စိန်ပေဒါဆိုင်းနှင့် နောက်ပါတပည့် ၂၀ ကျော်၊**
**အငြိမ့် မစောရင်၊**
**မစန်းကြည်၊**
**လူရွှင် တော် ဦးကျွမ်း၊**
**ဦးဗလ၊**
**စောင်း ဒေဝဣန္ဒာမောင်မောင်ကြီး၊**
**အငြိမ့်တော် ဦးလူကြီး၊**
**ဦးပေါ်ဦး**

စသော လူပေါင်း ၈၀ ကျော်တို့ကိုခေါ်ဆောင်၍ ရန်ကုန်သို့ မီးရထားဖြင့် ထွက်ခွာခဲ့လေ၏။ မန္တလေးတွင်ရှိနေသော ပင်းယမင်းသမီးကိုလည်း တပါတည်း ခေါ်ဆောင်ခဲ့၏။

မီးရထားလမ်းရှိ အသီးသီးသော မြို့ကြီး ဘူတာကြီးတို့မှ လူကြီးလူကောင်းအပေါင်းတို့ ခရီးဦး ကြိုဆို ဆွမ်း ကွမ်း ပြည့်စုံအောင် စီမံဆက်ကပ်လေရာ ဆရာတော်ဘုရားကြီးများသာမက နောက်ပါ လူပရိသတ် ၈၀ ကျော်မှာ စားမကုန်အောင် စားဖွယ် သောက်ဖွယ်တို့ ပိုလျှံသွားလေ၏။

ရန်ကုန်သို့ ဆိုက်ရောက်လျှင် အသင့်ကြိုနေသော ရွှေတိဂုံဘုရား ဘဏ္ဍာထိန်းလူကြီးများက ဆရာတော်ကြီးများကို ရွှေတိဂုံစေတီအနီး သုဓမ္မာဇရပ်ကြီးသို့ ပင့်ဆောင်သွားကြလေ၏။ လူများမှာကား ရန်ကုန်အရှေ့နယ်ပိုင် ဦးဘိုးပျော့၏ သော်မဆင်လမ်းအိမ်သို့ လိုက်ပါနေထိုင်ကြရလေ၏။

ရန်ကုန်မြို့တွင် သုံးလေးရက် ဆိုင်းငံ့ပြီး ခရီးထွက်ရာ ကာလကတ္တားမြို့သို့ရောက်လျှင် မြန်မာအသင်းများက ဆီးကြို၍ ပွဲစားကြီး ချီစာရီတိုက်သို့ ခေါ်ဆောင်ပြုစုလေ၏။ ၃ ရက်မျှနားနေပြီးမှ ဘုံဘိုင်မြို့သို့ မီးရထားစီးနင်းလိုက်ပါသွားပြီးလျှင် ၎င်းမှတဖန် သင်္ဘောဖြင့် ညနေ ၂ နာရီအချိန် ထွက်ခွာကြရပြန်လေရာ နံနက် လင်းအားကြီး ၃ နာရီအချိန်တွင်မှ ရတနာဂီရိသို့ ရောက်လေ၏။ ကုလား ကုန်သည်တော်ကြီးများက ဆီးကြို၍ တိုက်အိမ်တစ်ခုတွင် အသင့်စီမံထားသည့် အတိုင်း ထောပတ်ဆွမ်းများကပ်၍ ဆွမ်းကိစ္စပြီးသောအခါ ရထားနှင့် တဖန်သွားကြပြန်လေရာ တိုက်နန်းတော်သို့ နံနက် ၈ နာရီကျော် ၉ နာရီခန့်တွင် ဆိုက်ရောက်ကြလေ၏။

ကျွန်ုပ်တို့သည် မိမိတို့ ချစ်ခင်နှစ်သက်သူ အပေါင်းအသင်း ဆွေမျိုး ညာတကာစသည်တို့နှင့် နှစ်ပေါင်းများစွာ ကွေကွင်းနေရပြီးမှ ပြန်လည်တွေ့ကြရသော် ရုတ်တရက် စကားမပြောနိုင်ဘဲ ဝမ်းသာဝမ်းနည်း ဒွန်တွဲလျက် စိတ်ဓာတ်နှလုံး ယူကြုံးမရ ရှိကြရပေသည်။ နှစ်ပေါင်း ၃၀ ကျော်မျှ ကင်းဝေးလျက် ရှေးအခါက ဆရာတကာဖြစ်ခဲ့ဘူး၍ ကြီးကျယ်ခမ်းနားစွာ ဘုရင့်ဂုဏ်တဝင့်ဝင့်နှင့် ချီးမြှင့်ထောက်ပံ့ ရွှေနန်းတော်တွင်း၌ ကြည်ညိုကိုးကွယ်ခွင့်ရခဲ့ဘူးသည့် ဆရာတော်ကြီးများကို တကျွန်းစီနေ တပြေစီခြားသောဒေသ၌ စံနေရရှာသော မင်းတြားကြီးသည် ရုတ်တရက် ဖူးတွေ့ရလျှင် မည်မျှလောက် စိတ်ဓာတ်တွင် ထိခိုက်ပေလိမ့်မည်တကားဟု စဉ်းစားရန် အထူးမလိုပြီ။

ဆရာတော်ဘုရားကြီးများ တိုက်နန်းတော်သို့ရောက်ရှိ ဘုရင်မင်းမြတ်နှင့်တွေ့ဆုံမိကြလျှင် မင်းတြားကြီးသည် ထိခြင်းငါးပါးနှင့် ပြည့်စုံစွာ ဦးသုံးကြိမ် နှိမ်၍ချရာဝယ် အသွယ်သွယ် မျက်ရည်တော်ယိုစီး၍ ဖိုသည်းလှိုက်လှဲ ဝမ်းနည်းသောအမူအရာ မျက်နှာတော်၌ ပေါ်လာသည်ကို ရှုမြင်ကြရသော သက်တော် ၆၀ ကျော် ၇၀ ကျော် ဆရာတော်ဘုရားကြီးများမှာလည်း ဣန္ဒြေချုပ်တည်းခြင်းငှာ မတတ်နိုင်ရှာကြဘဲ ဝမ်းနည်းပက်လက် ကြေကွဲတော်မူချက်ဖြင့် ထွက်လာသော မျက်ရည်များကိုသာ အနိုင်နိုင် သိမ်းဆည်းသုတ်ယူလျက် ငြိမ်သက် တိတ်ဆိတ်စွာ ရှိနေကြသည်မှာ နာရီဝက်မျှ ကြာရှိလေသတည်း။

အပါးတော်၌ အမြဲခစားနေရသော အတွင်းဝန် ဦးစံရွှေမှာလည်း တဖိုဖို တလှိုက်လှိုက် ရှိုက်ခါရှိုက်ခါ ကြိတ်၍သာငိုနေရှာသော မင်းတြားကြီး၏ဖြစ်အင်ကို ရှုမမြင်ရက်၊ စိတ်ဝိတက် ဖောက်ပြန်အတန်တန်ပူမစဲဘဲ အူအသည်းပြုတ်မတတ် ရင်တွင်းမှာ အခံကပ်လျက်ရှိသော ကြောင့် ဟစ်ကြွေးခါ မငိုမိစေရန် သတိကြီးစွာဖြင့် မျိုသိပ် အောင့်အည်း၍ ကြိတ်နှိပ်ခါသာ ငိုရရှာလေသတည်း။

အလွန်မှ ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်နေစဉ်တွင်ပင် ဘေးမဲ့ဆရာတော်ဘုရားကြီးသည် ဝေဿန္တရာဇာတ်တော်ကြီးကို စတင် ဟောတော်မူလျက် ဖြစ်ပြန် ပျက်ပြန် လောကဓံဟူသောတရားကို အသားပါပါ ဟောကြား ညွှန်ကြားခြင်းဖြင့် အပူအဆွေး ကြေကွဲသည့်အရေးတို့မှ ကင်းဝေးနှစ်သိမ့်စေတော်မူရှာလေ၏။ ထို့နောက် **"တကာတော် ရေမြေရှင်လည်း တရားကိုနားလည် သိပြီးဖြစ်သည့်အတိုင်း တရားနှင့်ဆင်ခြင်၍ ချမ်းမြအေးကြည်သော စိတ်ဓာတ်ကို မွေးမြူပါလေ"** ဟု အကျယ်တဝင့် နိဂုံးချုပ်တရား ဟောကြားပြီးလျှင် ထိုနေ့အဖို့ အချိန်ကုန်ကြရလေ၏။ ထို့နောက် တစ်ဖာလုံခန့်ဝေးကွာသော တည်းခိုသီတင်းသုံးရန် ပြင်ဆင်ထားသည့် တိုက်ကျောင်းသို့ ကြွရောက်ကြလေပြီးလျှင် ထိုနေ့မှစ၍ မပြန်မချင်း နေ့စဉ် အလှည့်ကျ ဆရာတော်

တစ်ပါးပါး တိုက်နန်းသို့ဝင်၍ ဒေသနာတရားအမြိုက်ဆေးကို တိုက်ကျွေးသောအားဖြင့် မင်းတြားကြီး၏အပူကို သိမ်းယူကယ်တင်တော်မူကြလေသတည်း။

## မေခလာနတ်သမီး စိတ်ဆိုးပုံ

တိုက်သစ် စံနန်းတော်တက်မင်္ဂလာအခမ်းအနား ရွက်ဆောင်ပြီးစီးလျှင် ဆရာတော်များလည်း ၂ လကျော်မျှ နေထိုင်ပြောဟော၍ မြန်မာပြည်သို့ ပြန်လည်ကြွသွားတော်မူကြလေ၏။ ဆရာတော်များ ပြန်မကြွမီအတွင်းလည်း အပါးတော်မြဲ ဦးစံရွှေ၏သားကို ဘုရင်မင်းမြတ်က ကိတ္တိမသားအဖြစ် ပဗ္ဗဇ္ဇမင်္ဂလာကို ချီးမြှင့်ပေးပါရန် လျှောက်ထားသည့်အတိုင်း ဆရာတော်များက ချီးမြှင့်ပေးလေ၏။ ဆရာတော်ဘုရားကြီးများသည် ပင်လယ်ကိုဖြတ်သန်းသွားလာဖူးသည်မဟုတ်သောကြောင့် အသွားအပြန်တွင် ပင်လယ်၌ တွေ့ကြုံဖြစ်ပျက်ရပုံများကို ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ရသောကြောင့် အကျဉ်းအားဖြင့် ဖော်ပြသင့်ပေသေး၏။

ရန်ကုန်မှအသွားတွင် ဆရာတော်ဘုရားကြီးများသည် ပထမခန်းမှ လိုက်ပါတော်မူရာ ပထမတစ်ရက်၌ ကောင်းမွန်စွာ လိုက်ပါ ဆွမ်းဘုဉ်းပေးနိုင်ကြသော်လည်း နောက်တစ်ရက် မိုးလင်းလျှင် ကမ်းမမြင်ရသော ပင်လယ်ပြင်တွင် လှိုင်းလေကြမ်းသဖြင့် ပင်ပန်း မူးမော်ကြရာ၏။ သက်တော် ၈၀၊ ဝါတော် ၆၀ ရှိ အကြီးဆုံးသော မိုးကောင်းဆရာတော်ဘုရားကြီးမှာ လွန်စွာ မူးမော်အော့အန်သဖြင့် အစေခံတစ်ယောက်အား ဦးစံရွှေကိုခေါ်လွှတ်စေ၏။ အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေ ရောက်သွားလျှင် ဆရာတော်ဘုရားကြီးက **“ဆရာတော်တော့ မကြာခင် ပျံလွန်ရလိမ့်မည်အမှန်ဖြစ်သည်၊ တိုင်းပြည်ကိုလည်း ဒုက္ခမပေးလေနှင့်၊ ဆရာတော်၏ဈာပနအတွက် ငွေကုန်ကြေးကျလည်း မခံကြစေနှင့်၊ ဆရာတော် မှာခဲ့မည်၊ ပျံလွန်တော်မူလျှင် အလောင်းကို မန္တလေး ရွှေမြို့တော်ကိုမယူဘဲ ခိုင်လုံစွာသက်န်းနှင့်ထုတ်၍ ပင်လယ်အောက်သို့ ချပစ်သဂြိုဟ်လေ”** ဟု

မှာရှာတော်မူလေသဖြင့် **"နောက်တစ်ရက် ကမ်းမြင်လျှင် အမှူး ပျောက်ပါလိမ့်မည်ဘုရား၊ စိုးရိမ်တော် မမူပါနှင့်"** ဟု ဦးစံရွှေက အားပေးလျှောက်ထားရလေ၏။ နောက် တစ်နေ့တွင် ကမ်းကိုမြင်ရာ ဆရာတော်ဘုရားကြီးလည်း ဦးစံရွှေကို ခေါ်တော်မူပြန်၍ -

**"တကာ တော်လျှောက်သည့်အတိုင်း အမူး အနည်းငယ် သက်သာပြီ"**

ဟု မိန့်တော်မူလေ၏။ ကမ်းသို့ သင်္ဘောကပ်သော အခါမူကား **"လုံးလုံး အမူးပျောက်ပြီ၊ တကာတော်လျှောက်တာ မှန်ပေသည်"** ဟု မိန့်ကြားပြန်လေ၏။

အပြန်တွင် ညနေသင်္ဘောကလေးဖြင့် ဘုံဘိုင်မြို့သို့ ရတနာဂီရိမှ ထွက်ခွာလာကြလေ၏။ ၃ နာရီခန့်ကြာလျှင် လှိုင်းလေ အတော်ပြင်း ထန်သောကြောင့် သင်္ဘောမှာ လူးလိမ့်၍နေလေရာ ပထမခန်းတွင် ဆရာတော်ဘုရားကြီးလည်း မူးလှသဖြင့် ခုံရှည်ပေါ်တွင်ပင် ကျိန်း စက်ရှာလေ၏။ ထိုအခါ ဘေးမဲ့ဆရာတော်ဘုရားကြီးက **"ပင်လယ် စောင့် မေခလာနတ်သမီးကို ဂါထာမန္တရားနှင့်ရွတ်ခေါ်ပြီးလျှင် ပင်လယ်ပြင်၌ လေ၊ ရေကိုစောင့်ရှောက်ငြိမ်သက်စေရန် အမိန့်ပေးမည်၊ ပင်လယ်လှိုင်းတံပိုး ပိပြားငြိမ်သက်ပြီး သင်္ဘော အသွားအလာ ကောင်းလိမ့်မည်"** ဟုပြောဆိုကာ မန္တာန်ရွတ်ဖတ် တော်မူလေ၏။ မန္တာန်ရွတ်၍မဆုံးမီပင် ရှေးကထက်တိုး၍ လှိုင်းတံပိုးပြင်းထန်လာသဖြင့် သင်္ဘောမှာ အထူးလူး၍ သွားလေရာ ခုံရှည်ပေါ်တွင် ကျိန်းစက်တော်မူနေရှာသော မိုးကောင်းဆရာတော် ဘုရားကြီးမှာ ကိုးရိုးကားယားနှင့် ကြမ်းပြင်ပေါ်သို့ လိမ့်ကျရရှာ လေတော့၏။ ထိုအခါ ဆရာတော်ကြီးအား တွဲထူ မ,တင်ပြီး ဆရာ တော်ဘုရားကြီး၏ကပ္ပိယ ကိုစက ရုတ်တရက် ဘေးမဲ့ဆရာတော် ဘုရားကြီးဘက် လက်အုပ်ချီ၍ **"အရှင်ဘုရား အမိန့်တော်နှင့် ပင်လယ်စောင့် မေခလာနတ်သမီးကိုခေါ်ပြီး လှိုင်းတံပိုးငြိမ်စေရန် အမိန့်တော်ရှိသည်ကို ကုလားပြည်က ပင်လယ်စောင့် မေခလာ**

နတ်သမီးဟာ ကုလားမ ဖြစ်ဟန်တူပါသည်ဘုရား၊ ရတနာသုံးပါး ကိုပင် သိဟန်မတူပါဘုရား၊ ဒါကြောင့် အာဏာကို မကြောက် လျှောက်၍ပျော်ပါးနေရာမှ အရှင်ဘုရားအမိန့်ကို ကြားရလို့ စိတ်ဆိုးပြီး တိုးလှူပ်အောင်လုပ်လိုက်တာနဲ့ တူပါသည်ဘုရား၊ မိုးကောင်း ဆရာတော်ဘုရားကြီးလည်း လိမ့်ကျရပါပြီ အရှင် ဘုရား၊ ရှေ့ဆက်ပြီး မန္တာန်ကိုရွတ်လျှင် တပည့်တော်တို့အားလုံး သဘော်နှင့်တကွ နစ်မြုပ်ကုန်မှာ စိုးရပါသည်ဘုရား" ဟု ခပ်ရွှန်းရွှန်းလျှောက်ထားရာ ဘေးမှဲ့ဆရာတော်ဘုရားကြီးမှာ တဘက် သို့လှည့်၍ ပြုံးတော်မူလေ၏။ အခြား ဆရာတော်များလည်း ဣန္ဒြေ မဆည်နိုင်အောင် ရှိကြရသောဟူ၏။

## တိုက်နန်းတော်၌ အမှုထမ်းရပုံ

တိုက်နန်းတော်သစ် မင်္ဂလာအခမ်းအနားကို မည်ကဲ့သို့ ကြီးကျယ် စွာ စီစဉ်ပြုလုပ်၍ မည်သည့်နေ့ တက်ရောက်ကြောင်း သေချာစွာ ဖော်ပြပါရှိခြင်းကို ဦးစံရွှေ၏မှတ်စုများတွင် မတွေ့မြင်ရသော်လည်း တိုက်နန်းတော်သစ်သို့ ရွှေ့ပြောင်းစံတော်မူပြီးနောက် မည်သို့ အမှု ထမ်းကြရသည်ကိုမူ မှတ်တမ်းတစ်နေရာတွင် တွေ့မြင်ရပေသေး၏။ တိုက်တော်အမှုထမ်းသားမှာ-ပွဲတော်ချက် ဂိုးရားကုလား ၅ ယောက်၊ ညအိပ်ဖန်စောင့် ၁၂ ယောက်၊ နေ့စောင့်ကုလား ၁၂ ယောက်၊ ဂိုးရား ကုလားတို့၏ ဘင်ဆိုင်းတူရိယာအမှုထမ်း ၂၄ယောက်၊ မော်တော်ကား ကြည့်သူ ၆ ယောက်၊ ရထားတော် ၂ စီးနှင့် မြင်း ၆ ကောင်၊ ကြည့်သူ ၆ ယောက်၊ ရေတော်သွင်းကုလား ၅ ယောက်၊ ဘုရားကျောင်းကြည့် ကုလား ၆ ယောက်၊ စက်ချုပ်ကုလား၊ လက်သမား၊ မိလ္လာကုလား၊ တံမြက်လှည်းကုလား၊ မြန်မာ ၈၀ ယောက်၊ စာရေးတော်ကြီး ၅ ယောက်၊ အပါးတော်မြဲ အတွင်းဝန် စသည်ဖြင့် ၂၀၀ ကျော် ၃၀၀ ခန့် ရှိလေ၏။

မင်းတြားကြီးသည် နံနက် ၈ နာရီအချိန်တွင် စက်ရာမှ လူးလွန့်တော်မူလျှင် ဘင်ခရာအတီးအမှုတ် တူရိယာဝိုင်းက သီချင်းမျိုးစုံနှင့် အမှုတော်ထမ်းရလေ၏။ မျက်နှာသစ်တော်ရေ ကျပြီးနောက် ၉ နာရီအချိန်တွင် လက်ဖက်ရည်သောက်၊ ၁၂ နာရီတွင် နံနက် ပွဲတော်တည်လေသည်။ ညနေ ၅ နာရီတွင် လက်ဖက်ရည်သောက်တော်မူသောအခါ ဘင်ခရာ တူရိယာအတီးအမှုတ်ဝိုင်းက ဖျော်ဖြေရလေသည်။ ညဥ့်စာပွဲတော် ၉ နာရီအချိန်တွင် သုံးဆောင်တော်မူပြီးနောက် ဘုရားဝတ်ပြုကာ ညဥ့် ၁၂ နာရီအချိန်တွင် စက်တော်ခေါ်တော်မူလေ၏။

နေ့လည်အချိန်တွင် ကုန်သည်များကိုလည်းကောင်း၊ ဧည့်သည်များကိုလည်းကောင်း အလိုတော်ရှိမှသာ အတွေ့ခံတော်မူလေ၏။ နိုင်ငံရေးအရာရှိနှင့် ဆရာဝန်များကား တနင်္ဂနွေနေ့ ညနေအချိန်တွင်သာ ရှေ့တော်သို့ဝင်လေ့ရှိပေ၏။ ဤသို့ ရှေ့တော်ဝင်ရာ၌ ခြေနင်းစီးခွင့်ပြုသော်လည်း အနိမ့်ကသာ ကုလားထိုင်နှင့်ထိုင်ခွင့်ပြုလေသည်။ ပြောရန်ရှိကလည်း **"ဘုန်းတော်ကြီးဘုရား"** His Majesty ဟူသော စကားနှင့် သုံးနှုန်းတင်လျှောက်ကြရလေသည်။ ပြန်သောအခါကား လက်အုပ်ချီ၍ နောက်ဆုတ်ထွက်ကြရလေ၏။ နန်းကျဘုရင်ဟူ၍ အရိုအသေမဲ့ မပြုရ၊ အလွန်ရိုသေကြရ၏။

သူစိမ်းမြန်မာသော်လည်းကောင်း၊ လူမျိုးခြားသော်လည်းကောင်း မင်းတြားကြီးအား တွေ့ဆုံဖူးမျှော်လိုလျှင် ပထမ နိုင်ငံရေးအရာရှိထံ သွားရောက်အကြောင်းကြားရ၏။ ၎င်းအရာရှိကမှတဖန် သီပေါဘုရင်ထံ တင်လျှောက်ရလေရာ အလိုတော်မရှိလျှင် တော်အောင်ပြော၍ လွှတ်လေ၏။ ရှေးဦးပထမက ပွဲတော်ချက်မမဆင့်တို့ အပါးတော်ရတနာဂီရိသို့ နောက်ထပ်လိုက်လာရာ လက်နက်ကိုင်များ ဝိုင်းရံလျက် အပါးတော်သို့ ခေါ်ဆောင်၏။ အပြန်တွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ ဘုရင်မင်းမြတ် စံတော်မူသောတိုက်တော်ကိုလည်း စန္ဒရီ လက်နက်ကိုင်အစောင့်အရှောက်များနှင့် နေ့ရောညပါ ဝိုင်းထားသည့်ပြင် ပါတော်မူသွားသော ပစ္စည်းများကိုပင် မကြာမကြာ စာရင်းနှင့် တကွ ပြုရ၏။

ဤသို့ အိန္ဒိယသို့ပို့စက ကြပ်တည်းကျဉ်းမြောင်းစွာ ထားသဖြင့် ကျေနပ်တော်မူခြင်းမရှိဖြစ်ရာ နောက် အင်္ဂလိပ်ဝတ်လုံ တစ်ယောက်နှင့် ဖာရစီဝတ်လုံ မစ္စတာဝါဒီရာတို့အား ငှားရမ်းပြီး စစ်ရှုံး၍ နန်းကျရသော ဘုရင်မဟုတ်ကြောင်း၊ ဤသို့ ကြပ်တည်းကျဉ်းမြောင်းစွာ စိန့်ဟယ်လီနာ ကျွန်းတွင် နပိုလီယန်ကို ထားသကဲ့သို့ မထားသင့်ကြောင်း လွတ်လပ်စွာ သွားလာခွင့်ပြုသင့်ကြောင်းများနှင့် ဘုံဘိုင်မြို့ အစိုးရရုံးတွင် လျှောက်လဲ ပြောဆိုတော့မှ လွတ်လပ်စွာ စံတော်မူရရှာလေ၏။ ဤကား တိုက်သစ် စံနန်းတော်သို့ ရွှေ့ပြောင်း စံနေတော်မမူမီအခါက ဖြစ်ပျက်ပုံ တစ်ရပ်ဖြစ်၏။

## ပွဲတော်များနှင့် ဘုရားကျောင်းသစ်

မင်းတြားကြီးသည် ဗုဒ္ဓသာသနာ ကွယ်ဆိပ်ရာဒေသ၌ စံတော်မူရရှာသော်လည်း ရတနာသုံးပါးအား အမြဲမပြတ် ဆည်းကပ်လေ့ရှိသည့်အတိုင်း သာသနာရေးဆိုင်ရာ သဘင်ပွဲလမ်းများကိုလည်း အချိန်အခါကျရောက်တိုင်း ကျင်းပလေ့ရှိ၏။ ဝါကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ နှစ်သစ်ကူးပွဲတော်များပြင် အရှင်နှစ်ပါးမွေးနေ့များမှာလည်း အခါအခွင့်အားလျော်စွာ ကျင်းပခဲ့လေရာ ဝါကျွတ်ပွဲတော်သဘင်မှာ အကြီးကျယ်ဆုံးပင်ဖြစ်ပေ၏။ ထို ဝါကျွတ်ပွဲတော် အခါများတွင် မင်းစိုးရာဇာ အရာရှိကြီးငယ်များအား ဖိတ်ကြား၍ တထောင်ကုန် ထမင်းစားပွဲ တည်ခင်းကျွေးမွေး ဧည့်ခံလေ့ရှိပေ၏။ အစီအစဉ်ကား ပွဲတော်နေ့ ညဉ့် ၇ နာရီအချိန်တွင် အပါးတော်ဝင်၍ အရိုအသေပြုကြ၏။ ၈ နာရီတွင် ညဉ့်စာစားပွဲကြီး တည်ခင်းဧည့်ခံ၏။ နောက် မီးပန်းများ တပြိုင်တည်း အကြီးအကျယ် ရှို့လွှတ်၏။ အမျိုးမျိုးသော မီးအရောင်အဝါတို့ဖြင့် ဓာတ်မီး၊ ဆီမီး၊ ဖယောင်းတိုင်မီး၊ မီးတစ်သိန်းခန့် ထွန်းညှိ၍ မြတ်စွာဘုရားအား ပူဇော်တော်မူ၏။

ထိုအခါတွင် ဇာတ်ပွဲအမျိုးမျိုးတို့ဖြင့် ဖြေဖျော်စေ၏။ ဟိန္ဒူဇာတ်ပွဲ၊ မဟာမေဒင်ဇာတ်ပွဲ၊ မြန်မာဇာတ်ပွဲအမျိုးမျိုး ကပြသည့်အနက် မြန်မာဇာတ်ပွဲမှာ အဆန်းဖြစ်၍ ပရိသတ်အများ၏ အာရုံစူးစိုက်ခြင်းကို အခံရဆုံးဖြစ်လေ၏။ ကျန်ရစ်သား ဇာတ်ထုတ် ကပြရာတွင် ဇာတ်လမ်း အချုပ်နှင့်တကွ အစီအစဉ်ကို အင်္ဂလိပ်လို စာရွက်တွင်ပုံနှိပ်၍ ကြိုတင်ကမ်းလှမ်းရာ တဖက်တွင် ပုဂံပြည်၊ မန္တလေး၊ ရန်ကုန်၊ ကာလကတ္တား၊ ဘုံဘိုင်၊ ရတနာဂီရိအထိ မြေပုံခရီးစဉ်ပါ ဖော်ပြရေးထား ရကား သီပေါမင်းတြားကြီး၏အခြေအနေအကြောင်းအရာတော်များကို ညှိသည်ပရိသတ်များ အတော်အတန် သိနားလည်ကြရလေ၏။

မြန်မာပြည်ဇာတ်ပွဲနှင့်ဆိုင်းမှာ အများနှစ်သက်ကြသည့်အတိုင်း ၁၉၁၁ ခုနှစ် ဘုံဘိုင်ဘုရင်ခံ ဆာဂျော့ကလပ်နှင့် ဘုရင်ခံကတော်တို့သည် နောက်ပါအခြွေအရံများနှင့်တကွ မင်းတြားကြီးထံ အလည်အပတ် ရောက်ရာတွင် စိန်ဗေဒါ၏ဆိုင်းဝိုင်းဇာတ်ပွဲဖြင့် ညှိခံရာ အထူးနှစ်သက်ရကား ထိုတူရိယာဝိုင်းကို အပါးတော်၌ အမြဲထားသင့်ကြောင်း၊ လူတစ်ယောက်ထဲက ပတ်လုံး ၂၄ လုံး ထိုင်၍တီးသည်ကို တစ်ခါဘူးမျှ မမြင်ဘူးကြောင်း၊ စိန်ဗေဒါ၏လက်သံမှာ အလွန်ပြောင်၍ သာယာနာပျော်ဘွယ်ရှိပါပေသည်၊ နားထောင်၍မငြီးပါဟု ဆိုင်းဝိုင်းအနီးတွင် ရှိနေသော အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေထံ ကိုယ်တိုင်လာရောက် ပြောဆိုချီးမွမ်း၍ ဘုံဘိုင်ဘုရင်ခံသည် ဆိုင်းဝိုင်းကို သေချာစွာ ကြည့်ရှုလေ၏။

ထိုဘုရင်ခံ လာရောက်လည်ပတ်စဉ်က သီပေါမင်းတြားကြီးအား အလိုတော်ရှိရာကိစ္စများကိုမေးရာ သမီးတော်များအား နားထွင်းမင်္ဂလာ စီမံပြုလုပ်စတွင် ရတနာဂီရိသို့ လိုက်ပါလာရသည့်အတွက် သမီးတော်များအား နားထွင်းရန်ကိစ္စကျန်ရှိနေကြောင်း၊ သို့အတွက် ငွေတော်လိုကြောင်း၊ ငွေမည်မျှကုန်ကျမည်ကိုလည်း အပါးတော်မြဲ မောင်စံရွှေကို မြန်မာပြည်သို့ပြန်လွှတ်၍ မှူးမတ်ကြီးများနှင့်တိုင်ပင် စာရင်းတွက်ချက်ကြည့်မှ သိမည်ဖြစ်ကြောင်း၊

ထိုသို့သိလျှင် ဘုရင်ခံထံ စာရင်း တင်သွင်းလိုက်မည်ဖြစ်ကြောင်းများနှင့် ပြန်ကြားမိန့်ဆိုရာ **"ကောင်းပါပြီ"** ဟု ဘုံဘိုင်ဘုရင်ခံက ပြောဆိုနှုတ်ဆက်၍ ပြန်လေ၏။

ဆရာတော်ဘုရားကြီးများ ပြန်ကြွသွားပြီးနောက် မင်းတြားကြီးကိုးကွယ်ရာ ရုပ်ပွားတော်ထားရာ မူလဘုရားကျောင်းတော်အဖြစ် ထားသောအဆောက်အဦမှာ စိတ်ကြည်နူးဖွယ်ရာမရှိ တဲပိုင်းကြီးကဲ့သို့ ဖြစ်နေသောကြောင့် ကျက်သရေမဲ့ရကား ကျောင်းတော်သစ်ဆောက်လုပ်လိုကြောင်းနှင့် တစ်နေ့သောအခါတွင် အပါးတော်မြဲ အတွင်းဝန်အားမိန့်မြွက်တော်မူလေ၏။ သို့နှင့် ဦးစံရွှေသည် အစိုးရထံသို့ အကျိုးအကြောင်း စာရေးတင်သွင်းလေရာ များမကြာမီပင် ငွေငါးထောင် ရရှိလေသဖြင့် ဦးစံရွှေကိုယ်တိုင်ပင် ကြီးကြပ်ဆောက်လုပ်ရလေ၏။ ၁၂၇၃ ခုနှစ်တွင်ပင် ဆောက်လုပ်ပြီးစီးသည်ဖြစ်သောကြောင့် မြန်မာပြည်သို့အကြောင်းကြားလိုက်ရာ ဘေးမဲ့ဆရာတော်ဘုရားကြီးသည် ရတနာဂီရိဆရာတော် ဦးသီဟနှင့်အတူ ထပ်မံကြွလာတော်မူ၍ လှေသင်းအတွင်းဝန်မင်းက ဆက်လိုက်သော ထီးတော်ကို ပွဲလမ်းသဘင် ဆင်ယင်ကျင်းပပြီးလျှင် အမြောက်များပစ်ဖောက်၍ ထီးတော်တင်လေ၏။ ထိုအခါမှ မြန်မာပြည်မှ နိုင်ငံရေးအရာရှိ ဝန်ထောက် မစ္စတာအင်းမန်းလည်း အပါးတော်တွင်ရှိလေ၏။ ကျောင်းသစ်ကြည့်ရှုစောင့်ရှောက်ဝတ်ပြုရန် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကုလား ၆ ယောက်အားအထူးနေရာချထားလေရာ ထိုကုလားများမှာ ဗုဒ္ဓဝေယျာဝစ္စ အသင်းသားများကဲ့သို့ နံနက်ကို ဆွမ်း၊ ရေချမ်းနှင့် ညနေတွင် ဆီမီး၊ ပန်းပူဇော်ခြင်းဝတ္တရားကို မပျက်မကွက် ရွက်ဆောင်ကြရလေ၏။

## သမီးတော်များ နားထွင်းရန်ကိစ္စ

ဘုံဘိုင်ဘုရင်ခံ လာစဉ်က ပြောဆိုသဘောတူပြီးဖြစ်သည့်အတိုင်း အပါးတော်မြဲ ဦးစံရွှေသည် ၁၂၇၃ ခုနှစ်မှာပင် သမီးတော်များ နားထွင်းရန်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော် မန္တလေးရှိ မှူးတော်မတ်တော်များနှင့် တိုင်ပင်စာရင်းပြုလုပ် စီမံဖွယ်ရှိသည်တို့ကို အကြမ်းအားဖြင့်

စီစဉ်ရန် မြန်မာပြည်သို့ ဒုတိယအကြိမ် ပြန်လည်ခဲ့ရပြန်လေ၏။ ရတနာဂီရိမှထွက်ခဲ့၍ တနင်္ဂနွေတစ်ပတ်ကျော်လျှင် မန္တလေးသို့ ရောက်ရှိလေ၏။ လှေသင်းအတွင်းဝန်မင်း၊ ရွှေတိုက်အတွင်းဝန်မင်းတို့ ကွယ်လွန်ကြပြီဖြစ်၍ ဝက်မစွတ် ဝန်ထောက်မင်းနှင့်သာ တိုင်ပင်ရလေ၏။ ဝက်မစွတ်ဝန်ထောက်မင်းလည်း ထိုကိစ္စမျိုးတွင် အထူးကျွမ်းကျင်နားလည်ပြီးဖြစ်သည့်အတိုင်း ရှေးထုံးစဉ်လာအရ ဘုရင့်သမီးတော်များ နားထွင်းမင်္ဂလာဆိုင်ရာ စီမံဖွယ်အသီးသီးတို့အတွက် တွက်ချက်စီမံစာရင်းလုပ်လေရာ ဂုဏ်နှင့်လိုက်လျောညီညွတ်စွာ နားထွင်းမင်္ဂလာကို ပြုရမည်ဖြစ်သောကြောင့် သမီးတော်လေးပါး နားထွင်းမင်္ဂလာပွဲမှာ အစုစုစရိတ်ငွေတော် ငါးသိန်းမျှကုန်ကျရန်ရှိကြောင်း တွက်ချက်ရရှိလေ၏။ ထိုစာရင်းကို ရက်ပေါင်းများစွာ တွက်ချက်မှ ပြီးလေ၏။

အသင့်စီမံပြီး စာရင်းကိုဆောင်ယူ၍ မေမြို့တွင်ရှိနေသော ဘုရင်ခံဆာဟာဘီအက်ဒင်မဆင်ထံသို့ ဝက်မစွတ်ဝန်ထောက်တော်မင်းနှင့်အတူ မင်းတြားကြီး၏အပါးတော်မြဲ ဦးစံရွှေတို့သည် သွားရောက်ပြသကြလေ၏။ စာရင်းကိုမပြမီ ဘုရင်ခံက သီပေါမင်း ကျန်းမာစွာ ရှိပါ၏လား၊ မိဖုရားကြီး ထိပ်စုဘုရား၊ သမီးတော်လေးပါးတို့ ကျန်းမာကြပါ၏လားဟု မေးမြန်းသည်ကို **"ကျန်းမာကြပါ၏"** ဟု ပြန်လည်ဖြေကြားပြီးမှ အထက်အဆိုပါစာရင်းကို တင်ပြခြင်းဖြစ်၏။ ဘုရင်ခံလည်း တင်ပြသော စာရင်းကိုကြည့်၍ **"ငွေလေးငါးသိန်းကို မည်သူကပေးလိမ့်မည်နည်း"** ဟု စိတ်ဆိုးသောအမူအရာနှင့် မေးလေ၏။

ဦးစံရွှေ။ ။ **"ကျွန်တော် မပြောတတ်ပါ၊ ဘုံဘိုင်ဘုရင် ခံသည် မင်းတြားကြီးအပါးကြွလာစဉ်က မင်းတြားကြီးက သမီးတော်များ နားထွင်းမင်္ဂလာ နိုင်ငံတော်မှာမပြုခဲ့ရလို့ ပြုလုပ်လိုကြောင်း ပြောပါသည်၊ ဘုံဘိုင်ဘုရင်ခံချုပ်ကြီးက ကုန်ကျမည့်စရိတ်ကို မေးပါသည်၊ ဘုရင်မင်းမြတ်က ဝက်မစွတ်ဝန်ထောက်မင်း စာရင်းလုပ်ပြီး ဆက်သောအခါမှ ငွေမည်မျှကုန်မည်ကို**

အကြောင်းကြားပါမည်အမိန့်ရှိ၍ ဘုံဘိုင် ဘုရင်ခံချုပ် သဘော တူချက်အရ ဝက်မစွတ်ဝန်ထောက်မင်းထံ လာရောက် စာရင်း လုပ်ခြင်းပါ။ ယခုစာရင်းမှာလည်း ဤကိစ္စမျိုးတွင် အထူး ကျွမ်းကျင်သော ဝက်မစွတ်ဝန်ထောက်မင်း စီမံပြုလုပ်သော စာရင်းပါ"။

ဝက်မစွတ်ဝန်ထောက်မင်း။ ။ "မင်းကြီး ရှေးက မင်းတုန်း မင်းတြားကြီးဘုရားလက်ထက်တော်က ထိပ်စုဘုရားကြီး၊ ထိပ်စု ဘုရားလတ်၊ ထိပ်စုဘုရားကလေး နားထွင်းမင်္ဂလာပြုလုပ်သော အခါ တစ်ပါး တစ်ပါး ငွေ ၇ သိန်း ကုန်ပါသည်။ ယခုအခါ သမယအလိုက် စာရင်းပြုလုပ်ရသည်မှာ တစ်ပါး တစ်သိန်းသာ ကုန်ဝင်ရန် စရိတ်ထားပါသည်။ မင်းကြီးတို့ကမပေးလျှင် မည်သူ ပေးမည်နည်း၊ ကျွန်ုပ်မှာ အမိန့်တော်အတိုင်း လုပ်ရပါသည်။ ဤစာရင်းကိုယူသွားပြီး လက်တော်ရောက်ဆက်သလျှင် ဘုံဘိုင် ဘုရင်ခံကြီးထံသို့ သွင်းရမည့်စာရင်းပါ။ ထိုငွေကိုလည်း သီပေါ ဘုရင်ရံပုံငွေက ထုတ်ပေးရမည့်ငွေဖြစ်ပါသည်၊ မင်းကြီးအား ယခု ပြခြင်းမှာ အသိအမှတ်ပြုရုံမျှ ပြသဖြင်းဖြစ်ပါသည်"။

ဤသို့ အခြေအတင် အတိုက်အခံပြောဆိုသောအခါမှ "ကောင်းပါပြီ" ဟု ဘုရင်ခံက အေးအေးသက်သာ မျက်နှာထား အမူအရာ ကောင်းကောင်းနှင့် ပြန်ပြောလေတော့၏။ ထို့နောက် သမီးတော် လက်ထပ်ရေးကိစ္စနှင့်ပတ်သက်၍ တင်ရန်မှာကြား လိုက်သော ဘုရင်ခံ၏စကားကို ဘုရင်မင်းတြားကြီးအား လျှောက်ထား ပါမည်ဟု ဝန်ခံကတိပေး၍ နှုတ်ဆက်ခါ ဦးစံရွှေတို့ ပြန်ခဲ့ကြလေ၏။

## ထိပ်စုဘုရားကလေး အနိစ္စရောက်ခြင်း
## နှင့်
## သမီးတော်များ လက်ထပ်ရေး

မြန်မာပြည်တွင် ရက်အတော်ကြာနေ၍ အပါးတော်သို့ ပြန်လာရန် ခေါ်တော်မူသောကြောင့် ရတနာဂီရိသို့ ဦးစံရွှေပြန်ရပြန်လေ၏။ မှာတော်မူလိုက်သော လက်သုံးတော် မောင်မောင်ထွန်းနှင့် သမီးတော် ၂ ယောက်ကိုပါ ခေါ်ဆောင်သွားရလေရာ ရတနာဂီရိတိုက် နန်းတော်သို့ ရောက်လျှင် ထိပ်စုဖုရားကလေး အလောင်း ပြင်ဆင်ထားသည်ကို အပါးတော်မြဲ အတွင်းဝန်မှာ ဝမ်းနည်းစွာနှင့် တွေ့မြင်ရလေ၏၊ ထိပ်စုဖုရားကလေးအား ဦးစံရွှေ သဘောမကျသော ဆေးဆရာနှင့် ကုသဟန်တူလေ၏၊ အကြောင်းမူကား **"ကျွန်တော်မျိုးတင်သည့် စကားမနာယူတော်မူ၍ မူဆလမန် ဂူဒရာဂျပ် ခေါ် ဆေးဆရာယောင်ယောင်ကို လက်ခံတော်မူ၍ ထိပ်စုဖုရားကလေး ဆေးမှားပြီး သောက်မိသောကြောင့် ရေတိမ်တွင် နစ်ရပါသည်ဘုရား"** ဟု ဘုရင်မင်းမြတ်အား ကွယ်ရာမှ အသံကျယ်ကျယ်ဖြင့် ပြစ်တင်လျှောက်ထားမိကြောင်းကို ဦးစံရွှေ မှတ်စုထဲတွင် တွေ့ရသောကြောင့် ဖြစ်၏။

ဦးစံရွှေ၏ ပြစ်တင်သံကို ကြားရဟန်တူသော သီပေါမင်းတြားကြီးလည်း အတွင်းဆောင်မှ ထွက်တော်မူလာ၍ အလောင်းနားတွင် ရပ်ခါ ဦးစံရွှေအား ကြည့်၍ **"ကုသိုလ်ကံမကောင်းသည့်အခါမှာ မကောင်းသူကို အကောင်းထင်မှတ်ရသည် သည်းခံပါကွယ် အစိုးရများသိလျှင် ၎င်းကုလား ဂူဒရဂျပ် ဒုက္ခဖြစ်ရှာပါလိမ့်မယ်၊ အပါးတော်မှာလဲ မထားတော့ပါဘူး ဝေးရာသို့ စရိတ်ပေးလွှတ်ပါ့မယ်၊ သို့မဟုတ် ဖြစ်ပျက်သည့်အတိုင်း အင်္ဂလိပ်သိလျှင် အလောင်းတော်ကို အနှောက်အယှက် ပြုလုပ်ကြလိမ့်မယ် သည်းခံပြီး ဆိတ်ဆိတ်နေပါ"** ဟု တရားဓမ္မဟောပြကာ ဝင်တော်မူလေ၏။

ထို့နောက် သင်္ဂြိုဟ်ရန် ကြီးကြပ်စီမံပြီး သစ်သား၊ သံဖြူ၊ သစ်သားခေါင်း ၃ထပ်တွင် အလောင်းကို လုံခြုံစွာသွင်းပိတ်၍ ရက်အနည်းငယ် ထားပြီးလျှင် ဝင်းတော်ထဲ၌ပင် အုတ်ဂူပြဿဒ်နှင့် သွင်း၍ သင်္ဂြိုဟ်လိုက်ရလေ၏၊ ရဟန်းသံဃာတော်များ မရှိသော အရပ် ဖြစ်၍ သရဏဂုံမှ မတင်လိုက်ရရှာလေသည့်အတွက် ဝမ်းနည်းပက်လက် ဖြစ်ကြရလေ၏။

ထိပ်စုဖုရားကလေး ဈာပနကိစ္စပြီးစီး၍ အသျှင် ၂ ပါး စိတ်ကြည်လင် အေးချမ်းသောအခါမှ သမီးတော်များ နားထွင်းရန် ကိစ္စနှင့် ပတ်သက်သော ဝက်မစွက် ဝန်ထောက်မင်း၏ စာရင်းကို ဦးစံရွှေသည် ဆက်သွင်းရလေ၏၊ သို့ရာတွင် ဦးစံရွှေ အပါးတော်မြဲအဖြစ်နှင့်ရှိနေစဉ် သမီးတော်များအား နားထွင်းမင်္ဂလာပြုခြင်းကိစ္စမှာ ဖြစ်ဟန်မတူပေ၊ အကြောင်းမှာ ဦးစံရွှေ၏ မှတ်တမ်း မှတ်စုများတွင် နားထွင်းမှုကိစ္စများနှင့် ပတ်သက်၍ " အပါးတော်မြဲ ဦးစံရွှေ စီမံထားခဲ့သည် အတိုင်း သမီးတော်များကို နားတော်ထွင်းမင်္ဂလာ လုပ်တော်မူသော အခါမှာလည်း မန္တလေးက ဆွေတော်၊ မျိုးတော်၊ မှူးတော် မတ်တော်များ၊ ဆရာတော်များ၊ ဆိုင်းများ၊ ဇာတ်များ၊ ရတနာဂီရိမြို့ အပါးတော်သို့ သွားကြရလေ၏" ဟူသော စကားရပ်မှတပါး အခြားရေးသား ထားသည်တို့ကို မတွေ့ရသောကြောင့် ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း စာရင်းကို တင်ဆက်ပြီးနောက် သမီးတော်လက်ထပ်ရေးနှင့်ပတ်သက်၍ မြန်မာပြည် ဘုရင်ခံက တင်လျှောက်ရန် မှာလိုက်သည့် စကားရပ်ကို ဦးစံရွှေက လျှောက်တင်လေရာ မင်းတြားကြီးက-

**" ငါ၏ သမီးတော်များကို အမျိုးကွဲ လူမျိုးခြားနှင့် မပေးစား မထိမ်းမြားလို ငါသေမှ ဘာဖြစ်ဖြစ် လူမျိုးခြားကို သဘောမတူနိုင်"**

ဟု မာဆတ်ဆတ် မိန့်တော်မူသောကြောင့် အပါးတော်မြဲမှာ နောက်ထပ် မတင်ဝံ့ဘဲ ရှိရလေ၏။

မြန်မာပြည်ဘုရင်ခံ ဆာအက်ဒင်မဆင်က မှာလိုက်သည့် စကားရပ်ကား **"စီကင်းမဟာရာဇာက မြန်မာမင်းမျိုးနှင့် လက်ဆက်လိုသည်ဖြစ်၍ စာသွင်းသည် သမီးတော် တပါးပါးနှင့် ထိမ်းမြားလျှင် ကောင်းလိမ့်မည် ထင်သည်၊ သီပေါမင်းအား တင်လျှောက်ကြည့်ပါ"** ဟူသော စကားပင် ဖြစ်သတည်း။

## သီပေါမင်းတြားကြီးက ဂျော့ဘုရင်ထံ သွင်းစာ

၁၉၁၁ ခုနှစ်တွင် ဂျော့ဘုရင်သည် အိန္ဒိယနိုင်ငံ၌ ဘိသိက်ကြီးခံယူရန် အင်္ဂလန်ပြည်မှ ထွက်ချီတော် မူခဲ့လေ၏၊ မြန်မာဘုရင်အား စာချုပ်ရန်အတွက်ဟု နားလှည့်ခါ နန်းတော်မှ ဥယျာဉ်တော်, ဥယျာဉ်တော်မှ သင်္ဘောပေါ်, သင်္ဘောပေါ်မှ အိန္ဒိယသို့ အပါခေါ်ဆောင်ခဲ့ရာ ရတနာဂီရိသို့ ရောက်မှပင် လှည့်ဖြားခြင်းခံတော်မူရကြောင်းကို အသေအချာသိရှိဟန်တူလေ၏၊ သို့နှင့် ဂျော့ဘုရင် အိန္ဒိယသို့ ဆိုက်ရောက်နေခိုက်တွင် အခွင့်ကောင်း ကြုံကြိုက်လာရကား အကျိုးအကြောင်း အဖြစ်အပျက်ကို စာရေး၍ ဂျော့ဘုရင်ထံသွင်းရန် အကြံပေါ်ပေါက်လာသည့်အတိုင်း အပါးတော်မြဲနှင့် တိုင်ပင်တော်မူပြီးလျှင် စာတစောင် ရေးစေ၍ နိုင်ငံရေးအရာရှိ အရေးပိုင် ဘုံဘိုင်ဘုရင်ခံတို့မှ တဆင့် ဂျော့ဘုရင်ထံ အရောက်ဆက်သရန် စီမံခြင်းပင်ဖြစ်၏။

ထိုဆက်သွင်းရန် စာပါအကြောင်းအရာများကို ဦးစံရွှေ၏ မှတ်စုတွင် မူရင်းအတိုင်း မတွေ့ရ၊ အကျဉ်းချုပ်မျှသာ ရေးမှတ်ထားသည်ကို ဖတ်ရှုရပေ၏၊ ဂျော့ဘုရင်ထံ သွင်းစာ၏ အကျဉ်းမျှသော အကြောင်းအရာများသည်ကား အောက်ပါအတိုင်းပင်ဖြစ်၏။

**" မိမိ (သီပေါဘုရင်) သည် ဂျော့ဘုရင်နှင့် တွေ့ဆုံ၍ မိမိ၏ အဖြစ်အပျက်များကို ပြောဆိုလိုသော်လည်း မိမိဖြစ်နေရသော ဘဝက မသွားလာနိုင်၍ ဂျော့ဘုရင်အား ကိုယ်တိုင် မတွေ့ရသောကြောင့် ဝမ်းနည်းကြောင်း . . . . . . . ဆလေဒင်ကို ၄, မောက် ကျောက်နီလက်စွပ်, စိန်နားပန် သေတ္တာကြီး ၂ လုံး၊**

**အပ်ထားသည်ကိုလည်း ပြန်၍မရကြောင်း . . . မိမိကို ပဌမ အလိုရှိရာ စာချုပ်ပြီး ပြန်မည့်အကြောင်း၊ နောက် ဥယျာဉ်တော်ကို ခေတ္တဆင်းရန် အကြောင်း . . . ဆလေဒင် က တင်လျှောက်၍ တရွေ့တရွေ့ဖြင့် နန်းတော်ကြီးက တောင်ဥယျာဉ် နန်းတော်, ၎င်းက ရေဆိပ်သဘော်, ၎င်းက ရန်ကုန်မြစ်ဝ, ၎င်းကမှ မဒရပ်, နောက်ရတနာဂီရိအထိ ခေါ်ဆောင်ယူလာပြီး ယခုတိုင် ပြန်မပို့သေးကြောင်း . . မိမိနိုင်ငံတော်ကို မိမိအား ပြန်ပေးထိုက်ကြောင်း။"**

ဤသို့သဘောပါသော အကြောင်းအရာများနှင့်တကွ ရေးသားတင်သွင်းစေသော်လည်း အင်္ဂလိပ်အရာရှိများ၏ ပြောဆို လုပ်ကိုင်ပုံသည် သီပေါဘုရင်မင်းမြတ်စိတ်တော်၌ ယုံမှား သံသယဖြစ်ပေါ်စေသောကြောင့် ၎င်းတင်သွင်းစာကို ဂျော့ဘုရင်၏လက် အဘယ်နည်းနှင့်မျှ မရောက်ဟု တထစ်ချ ယုံကြည်တော်မူရကား အပါးတော်မြဲ ဦးစံရွှေအား ဂျော့ဘုရင်ထံ မူလ တင်သွင်းစာအတိုင်း ၅ စောင်မျှ ထပ်၍ ရေးရန် အမိန့်တော်မြတ် ချမှတ်တော်မူပေ၏၊ ထို့ကြောင့် နောက်ထပ်စာ ၅ စောင် ရေးသား၍ သီပေါဘုရင်မင်းမြတ်ထံ အပါးတော်မြဲ အတွင်းဝန်ထံသို့၎င်း, အထက်ပါလီမန်သို့၎င်း, အောက်ပါလီမန်သို့၎င်း, အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ချုပ်ကြီးထံသို့၎င်း လိပ်တပ်၍ ဟာဗောင်စီအသီးသီးပို့ရမည်ဟု အမိန့်တော်ရှိလေ၏။

သို့နှင့် သီပေါဘုရင်မင်းမြတ်၏ လူယုံတော် ပင်စင်ရ စစ်ပိုင်ဟက်ပီဝိုလာ ခေါ် ကုလားကြီးနှင့်အတူ တံဆိပ်တော်ခေါင်း တကျပ်ဟန်ကပ်၍ ဘေးမဲ့ဆရာတော်ဘုရားကြီးကို ဇာဓိပင်သို့ လိုက်ပို့ရင်း ဘုံဘိုင်မြို့စာတိုက်ကြီးတွင် ဦးစံရွှေကိုယ်တိုင်ထည့်လိုက်လေ၏၊ သို့ရာတွင် ထိုကိစ္စနှင့်ပတ်သက်၍ ဦးစံရွှေ၏ မှတ်တမ်းတွင် နောက်ထပ် တစ်စုံတစ်ရာ မည်သို့သော အရိပ်အမြွက်မျှ ရေးမှတ်ထားသည်ကို မတွေ့ရကား ဤစာ ၅ စောင်မှ ဆိုင်ရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်မှ ရောက်မှရောက်ပါလေ၏လောဟု တွေးတော ဒွိဟ သံသယဖြစ်ဘွယ်ရာများရှိလေသတည်း။

## ဘုန်းနဲ့ ကံနဲ့ ဒို့ဘုရင်

အင်္ဂလိပ်အစိုးရ (ဝါ) ဘုံဘိုင် အစိုးရတို့သည် သီပေါမင်းတြားကြီး ထံ နိုင်ငံခြားသား လူဝင်လူထွက်များကို အထူးဂရုပြုကာ အလစ်မပေး ဘဲ ကြပ်တည်းစွာ စောင့်ရှောက် သတိပြုလျက် ရှိလေ၏၊ မြန်မာဘုရင် ထီးနန်းမှ ဆင်းသက်ရပုံနှင့် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအား သိမ်းပိုက် ရရှိခြင်းကိစ္စတို့၌ အကြောင်းပြပုံမှာ **" မဆီမဆိုင် လက်ပံသား ဓါးနှင့် ချိုင်"** ဆိုသကဲ့သို့ အကြောင်းပြမကောင်း မလုံလောက်သည်ကို တန်ခိုး ကြီးသော နိုင်ငံခြားသားများအား သီပေါဘုရင်မင်းမြတ်က သိရှိစေ၍ အကူအညီတောင်းမည်ကို အထူးစိုးရိမ်ဟန် တူလေ၏၊ ထိုသို့ စိုးရိမ် ကြောင်း အရိပ်အမြွက်မျှ သိရှိရသည့် အကြောင်းမှာ ဦးစံရွှေ၏ မှတ် တမ်းတနေရာတွင် ကြားညှပ်၍ ရေးမှတ်ထားသော အဓိပ္ပါယ်အကျယ် မပြသည့် မှတ်စုတချက်ကြောင့်ပင်ဖြစ်၏။

တနေ့သ၌ အပါးတော်မြဲ ဦးစံရွှေသည် ရတနာဂီရိ အရေးပိုင် မစ္စတာဘရန်းဒါး, နိုင်ငံရေးအရာရှိ မစ္စတာအင်းမန်းတို့နှင့် အတူ ညနေ အချိန် အညောင်းပြေ လမ်းလျှောက်ထွက်ကြရာ အရေးပိုင်က **"ဦးစံရွှေ မနေ့ညက တိုက်တော်မှာ ဖြစ်ပျက်ပုံကို သိလိုက်ရဲ့လား ကျွန်ုပ်တို့ အတော်အလုပ်ရှုပ်သွားတယ် ဟိုပြေး သည်ပြေးရနဲ့"**ဟု ပြောသဖြင့် အံ့အားသင့်ကာ **"ကျွန်ုပ် ဘာမျှ မသိရပါကလား ညက အပါးတော်မှာ ကျွန်ုပ်ရှိပါတယ် ဘယ်လိုအရေးများလဲ"** ဟု ပြန် ပြောမေးမြန်းလျှင် အရေးပိုင်က **"ဒီလို ဦးစံရွှေ ညက ရတနာဂီရိ ဆိပ်ကို သင်္ဘောတစင်း ဆိုက်လာတယ် ဒီသင်္ဘောက လူမျိုးခြား မျက်နှာဖြူများ သမ္ဗန်နှင့်ကုန်းသို့ တက်ပြီး တိုက်တော်စံနန်း တော်ဆီ သွားကြတယ် နောက် ဝင်းတော်ထဲကို အတင်းဝင်ကြ တယ် စန္ဒရီများက တားပြီး ထားကြရတယ် သီပေါ မင်းတြားကို တွေ့ချင်ရင် ဘုံဘိုင်အစိုးရထံ အမိန့်ခံပြီးမှ ဝင်ပါလို့ ပြောရတယ် ဒီတော့မှ ပြန်သွားကြတယ်"** ဟု ပြန်လည်ပြောပြလေ၏၊ ထိုကိစ္စမှာ ဦးစံရွှေ မှတ်တမ်းအရ ဤမျှသာ ကျွန်ုပ်တို့ သိရှိရ၏။

သို့ရာတွင် စတုတ္ထသမီးတော် အရေးတော်ပုံ စာတမ်းတွင်ကား ထိုညက အဖြစ်အပျက်ပင် ဖြစ်တန်ကောင်းသော အကြောင်းအရာကို ရေးသားဖော်ပြထားရာ အချုပ် အဓိပ္ပါယ်သဘောမှာ "အင်္ဂလိပ်နှင့် ဂုဏ်ရည်တူ နိုင်ငံ ၂ နိုင်ငံမှ စစ်ဗိုလ်များက သီပေါမင်းအား ၎င်းတို့နှင့်အတူ ယခုညဉ့်တွင်းချင်း လိုက်ပါရန်နှင့် နိုင်ငံကိုလည်း ပြန်၍ရဘို့အတွက် စီမံပေးမည်ဖြစ်ကြောင်း ပြောဆိုလျှောက်တင်သော်လည်း မိမိအတွက် ဒုက္ခ မဖြစ်ကြစေလို" ဟု မိန့်ဆို ငြင်းဆန်လိုက်သည်အတွက် စစ်ဗိုလ်များက (ရှင်ဘုရင် ရိုးလွန်းလှသည်) ဟု ဝမ်းနည်းသံဖြင့် နှုတ်ဆက်ခါ ပြန်သွားကြကြောင်းနှင့် ဖတ်ရှုရလေသတည်း။

မင်းတြားကြီးက "ကံအမွေကို၊ ခံစေထုံးတမ်း၊ ကမ္ဘာ့ပြမ်းနှင့်၊ စည်းကမ်းမသေ၊ တမြေတိုက်သို့ လိုက်ပါချေလည်း" ဆိုသည်နှင့်အညီ နိုင်ငံခြားသို့ အကုသိုလ်ကံအလျောက် လိုက်ပါ စံနေတော်မူရရှာသော်လည်း ဘဝကံ အကျိုးပေးကား ကြီးမားမြင့်မြတ်၍ ဘုန်းနှင့်တန်ခိုးနှင့် ပြည့်စုံတော်မူကြောင်းမှာ မည်သူမျှ မငြင်းနိုင်ပေ၊ ကောင်းကင်က မည်သို့ သက်သေခံသည်ကိုမူကား မြန်မာလူမျိုးတိုင်း သိပြီးဖြစ်၍ အထူးဖော်ပြရန် မလိုပြီ၊ ဦးစံရွှေ၏ မှတ်တမ်းမှာ ရတနာဂီရိစံ သီပေါမင်းတရားကြီး အကြောင်းအရာတော်နှင့်ပတ်သက်၍-

> **" အရှင် သီပေါမင်းတြားကြီးသည် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့၌ မြန်မာသက္ကရာဇ် ၁၂၈၇ ခု နတ်တော် လပြည့်ကျော် ၆ ရက်နေ့ ညဉ့်သန်းခေါင်ယံ အချိန်တွင် ဆီးချိုရောဂါနှင့် နတ်ရွာစံတော်မူ၍ ၎င်းမြို့တွင် သရဏဂုံ မတင်ရဘဲ သင်္ဂြိုဟ် ဂူသွင်းထားရလေ၏"**

ဟူ၍ နောက်ဆုံးမှတ်သားချက်ကို တွေ့မြင်ဖတ်ရှုရလျှင် ကျွန်ုပ်တို့သည် အကြင်သို့သော ရတနာဂီရိစံ မင်းတြားကြီးအား အရိုအသေပြုသောအားဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသော အောက်ပါလေးချိုးကြီးကို ညည်းညူ ရွတ်ဆိုကြရန် ဤဆောင်းပါးတွင် ထည့်သွင်းဖော်ပြလိုက်ရပေသတည်း။

## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး - ရေး

## လေးချိုးကြီး

" တဇာတ်ငြိမ်းပြန်ပေ့၊ ခပ်သိမ်း မြန်မြေမှာ၊ ဉာဏ်သံဝေ ကိုယ်တော် ပြပါလို့၊ ဓမ္မပြီပြီ ဟောနိုင်တဲ့ သီပေါရှင်။

တထောင့်နှစ်ရာ၊ နှစ်ဆယ်ငယ်သာ၊ ကောဇာ ကာလ၊ သဇင် နှင်းဖျော်၊ နတ်ပေါင်းငယ် ပျော်သည်၊ နတ်တော်လ၏၊ ကျော်ထ ဆုတ်ပက်၊ ဆဲ့သုံးရက်ဟု၊ အာစက်ဝှန်ဝှေ့၊ နဂါးနေ့မှာ၊ ဘုန်းငွေ့ စီရင်၊ မီးရှူးမြင်ပြီး၊ တိုင်းခွင်စိုးရန်၊ ကုန်းဘောင်ရိုး - တန်ခိုးဘန်၍၊ မဟန္တာရိုက်၊ မြန်မာတိုက်ဝယ်၊ မကိုဋ်ကယ်-ဆောင်းချိန်၊ ပြက္ခဒိန် မို့၊ ဝတိန်ပိုင်နတ်၊ ဖေးကူမတ်လျက်၊ စတ္တာလီသာ၊ အစွန်းဖြောင့် သည် - ထောင့်နှစ်ရာမှ၊ ရွှေကြာခိုင်နွဲ၊ တူ, မီးပွဲတည့်၊ ဆန်းဆဲတေ ရသ်၊ ခါရက်မြတ်တွင်၊ သမတ်ကယ် နည်းတူ၊ ကဒဏ်ရှက် - ကနက်ထူလို့၊ ရှစ်ဆူရန်ဟန့်၊ ဖြူဝန်းသာ ဖြန့်တော့၊ တိုင်းဘုံပြန့် မြန်နယ်မှာ၊ ရန်သွယ်သွယ် ကြောင်ရှောင်ပုန်းရ၊ ဘုန်းလွှင့်အနှင်။

ကုန်းဘောင်ရန်နည်၊ စည်ဆက်ကယ် တည်သည်၊ ပင်စည် ကွန့်ကွန့်၊ ဆယ်တည္ထန့်ဟု၊ ချွန့်ချွန့်ခိုင်ဖူး၊ ပွားလူးလူးတွင်၊ ကံဆူး ကံငြောင့်၊ ဘုန်းကိုမှောင့်လို့၊ တထောင့်နှစ်ရာ၊ လေးဆယ်မှာလျှင်၊ သတ္တာ စွန်းဆဲ၊ သက်န်းပွဲနှင့်၊ ခဝဲပွင့်ချိန်၊ ကျော်ရှစ်ရက်ဟု၊ ပြက္ခ ဒိန်မှာ၊ ဝတိန်စံနတ်၊ သိကြားပြတ်သို့၊ မင်းမြတ်ကယ်သီပေါ၊ နန်းက လျှောလို့၊ ရေကြောအဏ္ဏဝါ၊ ပတ်ဝန်းကာသည့်၊ ရတနာဂီ၊ ကျွန်း ဝယ်မှီလို့၊ ဝသီစင်စင်၊ တရားသာမင်တော့၊ မြန်ဘုရင်ကို ကံပင် ဆောင်ညွှန်း၍ ဆိုင်ရာပို့။

ကံအမွေကို၊ ခံစေထုံးတမ်း၊ ကမ္ဘာ့ငြမ်းနှင့်၊ စည်းကမ်းမသွေ၊ တမြေတိုက်သို့၊ လိုက်ပါချေလည်း၊ သံဝေရှစ်ဆူ၊ ထီးသစ်ထူလို့၊ မြန်ဘူပတိ၊ ကျွန်းဂီရိကွင်၊ ဓမ္မိကဉာဉ်၊ သဒ္ဓါရှဉာဏ် စုယှဉ်လျက်၊

ဓမ္မဥစ္စရော်- သုံးမွေ့လျော်၍၊ ကိုယ်တော်စံတုန်း၊ သံသာဝဋ် - အလွတ်ရုံးစဉ်၊ ပုန်းမလွတ်သာ၊ ဘေးသေမင်း-အတင်းလာ၍၊ နတ်ရွာ နန်းမြင့်၊ ကြဋ္ဌာန်းဖွင့်ဘို့၊ ချိန်သင့်ကွန့်ထောက်၊ ခါတော်လျှောက်လို့၊ ခေတ်ရောက် ကောဇာ၊ အင်္ဂ, သတ်, ဒွေး, -ငကြေး, ခါတည့်၊ မာဂသီရော်၊ စန်းညိုးလျော်သည်၊ နတ်တော် ဆုတ်ပက်၊ ကျော်ခြောက်ရက်မှာ၊ ချုပ်ပျက်ကာယ ဇီဝိန်၊ ဥပစ္ဆိန်ဖြင့်၊ ဝတိန်ယာယီ၊ ကွန်းထောက်သာ ချီတော့၊ လောကီဝန့် ခန္ဓာကို မြန်မကြာ အလျှင်သုဉ်းတဲ့အောင် မှုန်းကြ မြန်တို့"

## စာ ၂ စောင်


ရတနာဂီရိမြို့။

၈. ၁၀. ၁၁

မောင်စံရွှေသည် အပါးတော်မြဲ အတွင်းဝန် အလုပ်ဖြင့် အမှုတော်ထမ်းသည်မှာ ၂ နှစ်နီးပါးရှိပြီ၊ မောင်စံရွှေသည် အပါးတော်မှာ သေရည်သေရက် မသောက် ရိုးသားဖြောင့်မတ်အမှုကို ကောင်းမွန်စွာ ထမ်းရွက်ကြောင်း၊ မောင်စံရွှေသည် အမျိုးကောင်းသားသမီးမှန်သည်။

မောင်စံရွှေ မိန်းမလည်း ပင်းယမင်းသမီးဖြစ်သည်၊ သည့်အတွက် မောင်စံရွှေ အပေါ်၌ အစိုးရများ ကြည့်ရှုလိမ့်မည်ဟု မြော်လင့်ပါသည်။

မြန်မာဘုရင်သီပေါမင်းမြတ်တော်။



( သီပေါမင်း ကိုယ်တော်တိုင်၏ လက်မှတ်တော်ပုံ၊ မူလအရွယ်အတိုင်း)

## မြန်မာနိုင်ငံ ဘုရင်ခံ သိစေရန်မှာ

ပင်းယမင်းသမီးသည် ကျွန်ုပ်၏ ဆွေမျိုးဖြစ်သည်၊ ငယ်စဉ်အခါကပင် နန်းတော်ကြီး အပါးတော်၌ အမှုတော်များကို ကောင်းမွန်စွာ ထမ်းရွက်သည်တကြောင်း၊ နိုင်ငံတော်က ထွက်တော်မူစဉ်အခါကလည်း ကျွန်ုပ်တို့နှင့်အတူ မဒရပ် ရတနာဂီရိသို့ ပါလာသည်၊ ယခုလည်း အမှုတော်များကို ထမ်းလျက်ပင် ရှိသည်၊ မဒရပ်နေစဉ်အခါ အင်္ဂလိပ်အစိုးရက ကျွန်ုပ်ရှေ့တော်တွင် ပင်စင်လစာတလ ၁၅၀ိ ပင်းယမင်းသမီးကို ပေးဘူးပြီ၊ ထိုအခါမှာ ကျွန်ုပ်ငွေတော်မယူသည့်အတွက် ပင်းယမင်းသမီးသည်လည်း မယူဝံ့၊ ပင်းယမင်းသမီးအဖေ ပန်းချီအုပ် မင်းသားနှင့်လည်း ကျွန်ုပ်ခမည်းတော်နှင့် ညီအစ်ကိုတော်သည်၊ ပင်းယမင်းသမီးသည်ကျွန်ုပ်၏ ဆွေမျိုး မှန်သည်အတိုင်း ယခု အင်္ဂလိပ်အစိုးရများကကြည့်ရှု၍ ပင်းယမင်းသမီးကို ပင်စင်လစာငွေ ၁၀၀ိ ပေးလျှင်ကျွန်ုပ်များစွာ ဝမ်းမြောက်မည့်အကြောင်း၊ ထောက်ပံ့ကြည့်ရှုလိမ့်မည်ဟူ၍လည်း အမှန်ပင် ကျွန်ုပ်စိတ်ချယုံကြည် မြော်လင့်ပါသည်။

မြန်မာဘုရင် သီပေါမင်းမြတ်တော်။

**အပါးတော်မြဲ ဦးစံရွှေမှတ်တမ်းအရ, ရေးသောဆောင်းပါးကြီး ဤတွင်ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖

## နောက်ဆက်တွဲ

ကျွန်ုပ်တို့ သူရိယ သတင်းစာတိုက် ရန်ကုန်အရှေ့ပိုင်း ကရစ်လမ်းတွင် တည်ရှိစဉ်က ယခုအခါ မစ္စတာမောင်မှိုင်းဟု ထင်ရှားကျော်ကြားနေသော အယ်ဒီတာ ဆရာလွန်း ရေးစီရင်၍ ခရစ်သက္ကရာဇ် ၁၉၁၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော မြန်မာရာဇဝင်ချုပ်တွင် သီပေါမင်းတြားကြီးအကြောင်း အရာတော်နှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသော ဆောင်းပါးတွင် မပါသည့် ထူးခြားချက်များ အတော်အတန် ပါရှိလေ၏။ ယခုဆောင်းပါးတွင် အဆိုပါ သီပေါမင်း အကြောင်းအရာကို နောက်ဆက်တွဲအနေ ဖော်ပြခြင်းဖြင့် ပိုမိုပြည့်စုံသွားလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ဆက်၍ ဖတ်ကြဦးစို့။

**မှတ်ချက်။** ။ ဤသီပေါမင်း၏ အကြောင်းအရာကို ရေးသားရာ၌ ကန္ဒီစစ်ကဲရေးသားသည့် မန္တလေးရတနာပုံရာဇဝင်မြို့အုပ် ဦးတင်ရေးသားသည့် ကုန်းဘောင်ရာဇဝင် ဆရာ ဂျေ-ဂရေး ရေးသားအပ်သော အလောင်းဘုရားမင်းဆက် ရာဇဝင်, ပညာဝန် မစ္စတာကောက်ရေးသည့် မြန်မာရာဇဝင်, ထို့ပြင် ရွှေနန်းတော်တွင် နေ့စဉ်မှတ်သားချက်များနှင့် ရန်ကုန်မြို့ ဘားနဒ်ပိဋကတ်တိုက်ရှိ ကင်းဝန်မင်းကြီး စာတော်မူစသည်တို့ဖြင့် ညှိနှိုင်းတိုက်ဆိုင်၍ ရေးသားသည်။

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လအတွင်းမှာ သုသီရိမဟာဓမ္မရာဇာခေါ် သားတော် သီပေါမင်း မင်းပြုတော်မူသော ကာလ ခမည်းတော်၏ အလယ်နန်းမိဖုရားကြီး သမီးတော် ရမည်းသင်းမင်းသမီးတို့ကို မြတောင်မင်းသမီးနှင့် မိဖုရားမြှောက်တော်မူသည်။

ထိုသီပေါမင်းသည် အထွတ်အထိပ်သို့ ရောက်တော်မူသည်နှင့်တပြိုင်နက်တည်း ခမည်းတော်ဘုရား နတ်ရွာမစံမီကပင် ကြေးတိုက်ကြီးအတွင်း၌ အကျဉ်းချုပ်နှောင်၍ထားသည့် ခမည်းတော်၏ သားတော် သမီးတော်ဖြစ်ကြသော စကုမင်းသား, မလွန်မင်းသား,

ပြင်စည် မင်းသား, ဝန်းသိုမင်းသား, မဘဲမင်းသမီး, မက္ခရာမင်းသား, ကြံညှပ် မင်းသမီး, သုံးဆယ်မင်းသား, ပင်လယ်မင်းသား ခေါ် သန္တိမင်းသား, ပင်းယမင်းသား, ရနောင်မင်းသား, မိုင်းတုံမင်းသား, ရွှေဂူမင်းသားနှင့် ကြင်ဘက်တော် ဆင်ယဉ်မင်းသမီး, မိုးလှိုင်မင်းသား, တောင်ညိုမင်းသား, ကသာမင်းသား, သာဂရမင်းသား တို့ကို လည်းကောင်း, ထို့ပြင် ဘထွေးတော် အိမ်ရှေ့မင်း၏ သားတော် မောင်ဘုန်းခေါ် ရဟန်းတော် ကိုလည်းကောင်း အကျဉ်းထောင်သို့ချ၍ ကွပ်မျက်သတ်ဖြတ်လေ၏။

**(သီပေါမင်းသည် မင်းသား မင်းသမီးတို့ကို ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်ခါနီးတွင် မိုယ်းတပြင်လုံး သွေးခဲကဲ့သို့ နီခြင်း, ကြေးတိုက်ကြီးအနီး၌ ကျီးတသောသောနေခြင်း နိမိတ်များ ဖြစ်ပေါ်လာ၏။)**

သက္ကရာဇ် ၁၂၄၄ ခုနှစ် ဝါဆိုလအတွင်းမှာ သီပေါမင်းသည် အင်္ဂလန်အစိုးရမင်းနှင့် ရာဇမဟာမိတ် မြဲမြံအောင် မဟာမိတ်စာချုပ် အသစ် ချုပ်ဆိုရန် ရာဇသံ လက်ဆောင်တော်များနှင့် ဝန်ထောက် မြောင်းလှမြို့စား မင်းကြီး သီရိမဟာကျော်ထင်ရာဇာကို သံကြီး, စာရေးကြီး မင်းထင်သိဒ္ဓိ ရာဇာကို သံလတ်, အမှာရေး နေမျိုးမင်းထင်ကျော်စွာကို သံငယ်အဖြစ်နှင့် စေလွှတ်လိုက်ရာ မြန်မာသံအရာရှိများကို အင်္ဂလိပ်အစိုးရမင်းတို့က တောကျောင်းသရက်တွင် ရပ်ဆိုင်းရန် အခွင့်ပေး၍ ရှစ်လကျော်ကြာမှ ပြန်လာရသည်။

ယင်းသို့ မဟာမိတ်စာချုပ် ချုပ်ဆိုရန် မပြီးပြေ ရှိနေသည်နှင့် တစ်ဖန် ၁၂၄၄ ခုနှစ်၊ နှောင်းတန်ခူးလမှာ အင်္ဂလန် ဘုရင်မသို့ ဆက်သရန် ရာဇသံလက်ဆောင်တော် ပဏ္ဏာများ၊ ထို့ပြင် အိန္ဒိယဘုရင်ခံချုပ်သို့ ဆက်သရန် ရာဇသံ လက်ဆောင်တော်ပဏ္ဏာများနှင့် အတွင်းဝန် ကျောက်မြောင်းမြို့စားမင်းကြီး, ဝက်မစွက် ဝန်ထောက်, သံချက်ဝန်, စာရေးကြီး မဟာကျော်ရာဇာတို့ကို အိန္ဒိယနိုင်ငံတော် ဆင်းမလားမြို့သို့ ထပ်မံ၍ လွှတ်ပြန်သည်။

ထို့နောက် ၁၂၄၄ ခုနှစ်တွင် ပြင်သစ်ပြည်သို့လည်း ရာဇမဟာမိတ်ဖြစ်ရန် သံအမတ်များကို စေလွှတ်လိုက်ရာ ၁၂၄၆ ခုနှစ်၊ ပဌမဝါဆိုလတွင် ပြင်သစ် တွဲဘက်အရေး "မစ်ရှိုမရိတ်ဒါရစ်အပ်စ်" သည် မန္တလေးမြို့တော်သို့ ရောက်လာ၍ အနောက်ပြင် ညောင်ပင်ဈေးမြောက် ခန်းပတ်ဝန်းကြီး၏ ဥယျာဉ်အတွင်းမှာ နေရာချထားလေ၏။

ထို့ပြင်လည်း တောင်ငူရှိ သစ်တောများကို အခွန်ထမ်းအဖြစ်ဖြင့် ခုတ်လုပ် ကူးသန်းရောင်းဝယ်သည့် ဘုံဘိုင်ဘားမားကုမ္ပဏီတို့သည် တရားဥပဒေကို ကျူးလွန်ကြောင်းနှင့် ဆိုင်ရာ မှူးမတ်တို့က သီပေါမင်းအား လျှောက်ထားကြလေလျှင် ဘုံဘိုင်ဘားမားကုမ္ပဏီတို့အပေါ်၌ ဒဏ်ငွေ ၂၃ သန်းမျှ တပ်ရိုက်လေ၏။ ထိုအခါ ဘုံဘိုင်ဘားမားကုမ္ပဏီတို့သည် တပ်ရိုက်သော ဒဏ်ငွေကို မဆောင်မသွင်းဘဲ မြန်မာမင်းသည် မတရားပြုကြောင်းနှင့် အိန္ဒိယဘုရင်ခံချုပ်ထံ လျှောက်ထားသဖြင့် အိန္ဒိယဘုရင်ခံချုပ်က မြန်မာမင်းနှင့် ဘုံဘိုင်ဘားမားကုမ္ပဏီတို့ ဖြစ်ပွားသော အမှုမှာ အင်္ဂလိပ်အစိုးရအရာရှိ မြန်မာအစိုးရ အရာရှိ စုံရာ လူကြီးတို့နှင့် နှီးနှောဆုံးဖြတ်ရန် သီပေါမင်းထံသို့ ပေးပါသော်လည်း သီပေါမင်းသည် အရေးမပြု ဂရုမစိုက်ဘဲ ဘုံဘိုင်ဘားမားကုမ္ပဏီတို့ပိုင် ဆင်များနှင့် သစ်တောဘဏ္ဍာ ကိရိယာအရပ်ရပ်တို့ကို သိမ်းယူတော်မူလေ၏။

ငင်းအကြောင်းများကို အိန္ဒိယဘုရင်ခံချုပ်မင်းမြတ် ကြားသိရပြန်သည့်အလျှောက် အောက်ပါအချက်ကြီး ၃ ချက်ကို သီပေါမင်းထံသို့ စာအားဖြင့် အကြောင်းကြားလေ၏။

(၁) ပထမအချက်မှာ။ ဘုံဘိုင်ဘားမားကုမ္ပဏီတို့နှင့် မြန်မာမင်းတို့ အချင်းပွားသောအမှုကို မြန်မာမှူးမတ် အင်္ဂလိပ်မှူးမတ်တို့ စုံညီ ညှိနှိုင်းဖြန်ဆိုရာ ပြီးပြတ်စေလိုကြောင်း။

(၂) ဒုတိယအချက်မှာ။ နိုင်ငံတော်တွင် မြန်မာမှူးမတ်တို့နှင့် တွဲဘက်၍ အမှုကိုဆုံးဖြတ်ရန် အင်္ဂလိပ်မှူးမတ်တို့ကို စေလွှတ်လိုကြောင်း။

(၃) တတိယအချက်မှာ။ အခြားနိုင်ငံနှင့် မြန်မာနိုင်ငံ မိတ်ဖွဲ့ခြင်းများကို အင်္ဂလိပ်မင်း၏ သြဇာခံစေလိုကြောင်း။

၎င်းအထက် အဆိုပါ အိန္ဒိယ ဘုရင်ခံချုပ်၏ ပေးစာကို ရရှိ၍ သီပေါဘုရင်သည် မှူးမတ်များနှင့် တိုင်ပင်ညှိနှိုင်းပြီးလျှင် အခွင့်မပြုနိုင်ကြောင်းနှင့် ရာဇသံစာကို တုံ့ပြန်ပေးပို့သဖြင့် အိန္ဒိယဘုရင်ခံချုပ် "ဒပ်ဖရင်"သည် မြန်မာပြည် အထက်ပိုင်းကို တိုက်ခိုက်သိမ်းယူရန် အမိန့်ထုတ်ပြန်တော်မူ၍ စစ်ဘုရင် "ပရန်ဒါဂပ်" နှင့် "စလေဒင်" တို့သည် စစ်သည် တပ်သားများပြားသော လက်နက်တို့ဖြင့် သရက်မြို့နယ်စပ် အထက်မြန်မာနယ်သို့ ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှာ စစ်သင်္ဘောဖြင့် ဆန်တက်လေ၏။

ထိုသို့ အင်္ဂလိပ်စစ်သည် တပ်သားတို့ ချီတက်လာကြောင်းကို သီပေါမင်းကြားလျှင် ခုခံတိုက်ခိုက်ရန် -

(၁) လေ့သင်းအတွင်းဝန်ကို ဧရာဝတီမြစ်ကြောင်းသို့ လည်းကောင်း၊ (၂) အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးကို တောင်ငူကြောင်းသို့လည်းကောင်း, ဗိုလ်မှူးခန့်၍ စက်ဝန်နှင့် ဘောင်ဝန်များမှာ တပ်ဦး တပ်ဖျား ချီစေရမည်ဟု အမိန့်တော်ထုတ်ပြန်လျက် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ကစ၍ တပ်စဉ်မပျက် ချီတက်စေသည်။ (၃) ထို့ပြင် စစ်ကိုင်းမြို့မှာ ပင်းမြို့စား အတွင်းဝန် သမီးတော်ဝန်ရပ်တန့် ခုခံစေ။ (၄) ရွှေကြက်ယက်ခံမြို့မှာ ရှေ့ဝင်းတော်မှူး ရွှေဘိုမြင်းဝန်က ရပ်တန့်ခုခံစေ။ (၅) ရွှေလုံ့ဗိုလ်ကောလင်းမြို့စားမင်းကြီးမှာ တောင်ငူကြောင်း။ (၆) မြို့ဝန် အက္ကပတ် မြင်းဝန်မှာ တောင်တွင်းကြောင်း။ (၇) ယင်းတော်မြို့စား မင်းကြီးမှာ အပါးတော်ဝယ် ခယမ်းထမ်းရွက်စေ။

ဟု အမိန့်တော် ထုတ်ပြန်သည့်အတိုင်း အရှင့်ကျေးဌူးတော်ကို မျှော်ခေါ်ထောက်ထား၍ စစ်သည် တပ်သားတို့နှင့် ချီတက် ခုခံကြလေသည်။

တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် ဆင်ပေါင်ဝဲ၌ အင်္ဂလိပ်စစ်သည် တပ်သားတို့နှင့် ဘောင်ဝန်စက်ဝန်တို့ အုပ်ချုပ်သည့် မြန်မာစစ်သည်တပ်သားတို့ ဆိုင်မြိုင်တိုက်ခိုက်ကြရာ မြန်မာတို့ အရေးရှုံးနိမ့်၍ ဆုတ်ခွာကြရလေသည်။

ထို့နောက် တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် မင်းလှမြို့ခံတပ်၌ လှေသင်းအတွင်းဝန် အုပ်ချုပ်သည့် မြန်မာစစ်သည် တပ်သားတို့နှင့် အင်္ဂလိပ်စစ်သည် တပ်သားတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြရာတွင်လည်း လက်နက်အင်အား မမျှသဖြင့် ၃ နာရီခန့်သာ ခုခံနိုင်၍ ဆုတ်ခွာခဲ့ပြီးလျှင် မြင်းခြံမြို့က တပ်စွဲချရပ်နေထိုင်ရ၏။

၎င်းအထက်ပါ အကြောင်းရပ်များကို သီပေါမင်းထံသို့ ကြေးနန်းရိုက်ကြား လျှောက်ထားရာတွင်မှ ချီတက်လာသော အင်္ဂလိပ်စစ်သည်တော်များကို မည်သူတစ်ဦးတစ်ယောက်မျှ ခုခံတိုက်ခိုက်ခြင်း မပြုစေရဟု အမိန့်ထုတ်ပြန်တော်မူသည်။

အင်္ဂလိပ်စစ်သဘော်သည် အစဉ်တစိုက် တိုက်ခိုက်ချီတက်၍ သွားရာ မြင်းခြံမြို့တွင် တပ်စွဲရပ်ရှိနေသော လှေသင်းအတွင်းဝန်လည်း ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခြင်း မပြုမလုပ်ဘဲ လက်နက်များကို အပ်လေ၏။

၎င်း တန်ဆောင်မုန်း လဆုတ် ၆ ရက်နေ့တွင် အင်္ဂလိပ် စစ်သဘော်သည် အင်းဝခံမြို့သို့ ရောက်ပြန်ရာ မြို့သစ်စား မင်းကြီး သမီးတော်ဝန် မြင်းဝန်လည်း အနည်းငယ်မျှ မခုခံဘဲ လက်နက်များကို အပ်ပြန်၏။ ၎င်းလဆုတ် ၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းသို့ အင်္ဂလိပ်စစ်သဘော်ဆိုက်ရောက်လေ၏။ ထိုအခါ လယ်ကိုင်းမြို့စား ကင်းဝန် သေနတ်ဝန်ကြီး " သတိုးသုဓမ္မသက်တော်ရှည်" သည် အင်္ဂလိပ်စစ်သဘော်သို့ လာရောက်ကြိုဆို၍ နှုတ်ခွန်းဆက်သလေသည်။

ထို့နောက် အင်္ဂလိပ် စစ်သည်တော် တပ်သားတို့သည် သင်္ဘောမှဆင်းပြီးလျှင် ဘင်ခရာ တီးမှုတ်လျက် ရုတ်ရုတ်သဲသဲ အောင်ပွဲအောင်ရန် အောင်လံလှစ်ထူ ပစ္စုပ္ပန်ကြွေ့ မြို့ရွှေမန်း၌ စံနန်းတော် မြို့ရိုးကို အားကြိုးစွမ်းသန် မတွန်းလှန်နိုင်အောင် ဝန်းရံ ပိတ်ဆီးကြလေ၏။

ထိုသို့ ဝန်းရံပြီးနောက် ၂ ချက်ကျော်လောက်အချိန်တွင် "ကာနယ်စလေဒင်"နှင့် စစ်ဗိုလ် "ပရန်ဒါဂပ်" တို့သည် အတွင်းတပ် ရွှေတော်ယူ တံခါးလမ်းက နန်းတော်သို့ဝင်ပြီးလျှင် ဘုရင်မင်းမြတ်မှာ ခါသာ ပိတ်ဖြူကို ချုပ်လုပ်သည့် ထိုင်မသိမ်းအင်္ကျီနှင့် ပန်းပွင့်ပါသည့် ပန်းရောင် ဘောင်းတော်ကို ဆင်မြန်းလျက် မြေနန်းတော် ဝရံတာတွင် ဆင်း၍နေနှင့်သည်ကို တွေ့မြင်ကြရ၍ ၎င်းနေ့ ညချမ်း၌ စံနန်းတော် သစ်တပ်ကို ရံပတ်ဝန်းဝိုင်းကြလေ၏။

ထို့ပြင် သီပေါမင်းကို ဖမ်းစဉ် မျက်မြင်တွေ့ကြုံရသူတစ်ဦးက အထူးရေးသား ဖော်ပြသည်မှာ သီပေါမင်းသည် မြေနန်းတော်ဝရံတာ၌ ထိုင်နေတော်မူစဉ် မြေပေါ်တွင် ဝပ်တွားလျက်ရှိနေသော မင်းကြီးများနှင့် ဝန်များသည်လည်းကောင်း ထို့ပြင် လက်ဝဲဘက်က စစ်ဗိုလ်များလည်းကောင်း ထို့ပြင် ဘုရင်မင်းမြတ်၏ ရှေ့ အလှမ်း ၂၀ ခန့်လောက်မှာ ငြိမ်ဝပ်စွာ စီတန်းရပ်ရှိနေကြသော အင်္ဂလိပ်စစ်သည်တော် တပ်သားတို့သည်လည်းကောင်း ထို့ပြင် သီပေါဘုရင်၏ နောက်နားက မိဖုရား ၂ ပါးနှင့် ခပ်လှမ်းလှမ်းတွင် ဝပ်တွား ဦးတိုက်လျက်ရှိသောသူ ၂ ယောက်၊ ၃ ယောက်တို့သည်လည်းကောင်း၊ အကြောင်းဖြစ်အင်ရှုဆင်ခြင်လျှင် ပူပင်စိုးရိမ်သော လက္ခဏာဖြင့် ငြိမ်သက်စွာ နေထိုင်ကြရာဝယ် "ကာနယ်စလေဒင်" က စစ်ဗိုလ်ကြီး "ပရန်ဒါဂပ်" သခင်ကို ဘုရင်၏ရှေ့တော်သို့ သွင်းလိုက်သောအားဖြင့် သီပေါမင်းနှင့် စစ်ဗိုလ်ကြီးတို့သည် လက်ဆွဲနှုတ်ခွန်းဆက်သသောအခါ စစ်ဗိုလ်ကြီး ၂ ဦးမှာ မြေနန်းတော်၏ အောက်ကရပ်လျက် ဖြစ်၍ ထိုင်လျက်ရှိတော်မူသော သီပေါမင်း၏ ပခုံးစွန်းနှင့် ညီမျှရုံသာ ရှိနေသည်။

ထို့နောက် အင်္ဂလိပ်စစ်ဗိုလ်ကြီးတို့သည် သီပေါရှင်ဘုရင်ကို သင်္ဘောသို့ လိုက်ပါရန် ပြောဆိုကြသောအခါ သီပေါမင်းမှာ လိုက်ပါရမည့်အတွက် စိတ်လက်မချမ်းသာ ညှိုးငယ်သော လက္ခဏာဖြင့် မိမိစံစားတော်မူရာ အတွင်းနန်းတော်သို့ ဆယ်မိနစ်မျှ ဝင်ရောက်ကြည့်ရှုရန် စစ်ဗိုလ်ကြီးများထံ ခွင့်ပန်ပြောဆိုတော်မူသည်နှင့် အခွင့်ရရှိလျှင် ဘုရင်မင်းမြတ်သည် အတွင်းဆောင်တော်သို့ ကြွလှမ်း၍ ရွှေနန်းဦးကင် ပလ္လင်တော် အရပ်ရပ်နှင့် ပြာသာဒ်စနု ဗိုလ်ရှုခံရာ ရတနာထီးဖြူ အဆူဆူသော စမုခ်တို့ဖြင့် ကိုယ်လုပ်တော် မောင်းမတို့၏ အဆောင်၊ ထို့နောက် မိမိစံစားနေထိုင်ဘူးသမျှသော အရပ်ရပ်အဆောင်တော်များကို စွန့်သွားဘို့ရာ အခါနီးကပ်ပြီဟု အဆုံးသတ် ရှုစားတော်မူရာဝယ် ဆယ်မိနစ်မျှမက ၄၅ မိနစ်ခန့်မျှ ကြန့်ကြာတော်မူလေသည်။

ထို့နောက် သီပေါမင်းက မင်းကြီးများဘက်သို့လှည့်၍ ကျွန်ုပ်နောက်သို့ မည်သူလိုက်ပါကြဦးမည်နည်းဟု မေးမြန်းတော်မူသော အခါ မည်သူတစ်ဦးကမျှ တုန့်ပြန်လျှောက်ထားခြင်းမရှိချေ။ တိုင်တာ မင်းကြီးနှင့် အခြားသော မင်းကြီးတစ်ပါးကသာလျှင် အရှင်နှင့်အတူ လိုက်ပါပါမည်ဟု လျှောက်ထားကြ၏။

အင်္ဂလိပ်စစ်ဗိုလ်များကလည်း အချိန်စေ့ရောက်၍ သီပေါမင်းကို သင်္ဘောသို့ ယူဆောင်ရန် ကြံစည်ပြောဆိုကြသည်မှာ ပဌမ ဆင်နှင့် ယူဆောင်ရန်, ဒုတိယ ခြေလျင်ယူဆောင်ရန်, တတိယ ဝေါဖြင့် ထမ်းဆောင်ယူသွားရန် အနည်းနည်း တိုင်ပင်ကြပြီးခါ နောက်ဆုံးမှာ လှည်းရထားနှင့် ယူဆောင်ရန် စီမံဆုံးဖြတ်ကြလေသည်။

သီပေါရှင်ဘုရင်ကို ဖမ်း၍ ကမ်းနား ဂေါဝိန်သို့ ဆင်းသော အခမ်းအနား အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်၏။

**၁- အင်္ဂလိပ်စစ်ဗိုလ်ကြီး,**

**၂- အင်္ဂလိပ်အလံတော်,**

၃- စစ်ဗိုလ်ကြီး၏ ဗိုလ်မှူး တပ်မှူးများ

၄ - တိုင်တားမင်းကြီး

၅ - ထီးဖြူတော်လေးစင်း

၆ - မိဖုရား တစ်ဘက်တစ်ချက်တွဲလျက် သီပေါမင်း

၇- မယ်တော်ဆင်ဖြူရှင်

၈- အခြွေအရံများ

၉- အင်္ဂလိပ် စစ်သည်တော်များ

ပြခဲ့သော အစီအစဉ်အတိုင်း နန်းတော်တိုက်ခန်းသို့ ရောက်လျှင် ခေတ္တခဏမျှ တန့်ရပ်၍ ထို့နောက် စီတန်းလျက်ရှိသော စစ်သည်တော်တပ်သားများကို ဖြတ်သန်း၍ လှေခါးမှ ဆင်းသက်ခဲ့ပြီးလျှင် တံခါးနီသို့ ရှေးရှုကြွလှမ်းသဖြင့် နန်းတော်အပြင်သို့ရောက်၍ အသင့်ပြင်ဆင်ထားသော လှည်းရထားကို မြင်လျှင် ၎င်းလှည်းရထားကို မစီးလိုကြောင်းနှင့် သီပေါမင်းက အမိန့်ရှိသဖြင့် မိမိ၏ မြင်းရထားကို ထီးဖြူတော် လေးစင်းဖြင့် ခင်းကျင်းအုပ်မိုး၍ ဥရောပတိုက် စစ်သည်တော်တပ်သားများ ခြံရံပြီးခါ ဘင်ခရာ တီးမှုတ်လျက် အင်္ဂလိပ်အလံတော်များကို ထူစိုက် ဖြန့်ဖွင့် ခင်းကျင်း၍ မင်း, မိဖုရား, သားတော်, သမီးတော်များကို ဖမ်းဆီးခေါ်ဆောင်သွားရာ လမ်းခရီးမှာ တွေ့မြင်သမျှသော မန္တလေး မြို့သူ မြို့သား အပေါင်းတို့သည် သောင်းသောင်းပျံပျံ တ,သ, ပူပင် အရှင်သခင်နှင့် ခွဲခွာကြရမည်အတွက် သက်ကြီး ရှိုက်ဖိုငိုယို ကြွေးကြော်ကြလေသည်။

ထို့နောက် ဂေါဝိန်ဆိပ်ကမ်းတွင် ဆိုက်ကပ်လျက်ရှိသော **"သူရိယ"** ခေါ် မီးသင်္ဘောဖြင့် တင်ဆောင်ခဲ့ရာ နတ်တော်လဆန်း ၂ ရက်နေ့မှာ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း၊ ၎င်း ရန်ကုန်မြို့တွင် ၄ ရက်မျှ ရပ်တန့်၍ ၎င်းလဆန်း ၆ ရက်နေ့ကျလျှင် **"သူရိယ"**

မီးသင်္ဘောမှ **"ကန်နင်း"**ခေါ် မီးသင်္ဘောကို ကူးပြောင်း တက်ရောက်စေ၍ အိန္ဒိယနိုင်ငံတော်သို့ ယူဆောင်သွားရာ မဒရပ်မြို့မှာ နေရာချထားကြောင်း၊ ၎င်းနောက် မဒရပ်မြို့မှတဖန် ပေါ်တူဂီလူမျိုးများ ပိုင်ဆိုင်ဘူးသော ဘုံဘိုင်မြို့ အနောက်ဘက်တွင်ရှိသည့် ရတနာဂီရိ မြို့သို့ ပို့ဆောင်နေရာချထားကြောင်း၊ ၎င်းပြင် တိုင်တားမင်းကြီး ကိုမူကား ကတ္တက်မြို့သို့ ပို့ထားလေသည်။

ဤ တတိယစစ်ပွဲတွင် မြန်မာဘုရင် သီပေါမင်းကို အရှင် အင်္ဂလိပ်အစိုးရမင်းတို့ ဖမ်းဆီးယူဆောင်သွားပြီးနောက် သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ တော် အထက်ပိုင်းကို အရှင်အင်္ဂလိပ် အစိုးရမင်းတို့ သိမ်းပိုက် အုပ်ချုပ် တော်မူကြောင်းနှင့် အမိန့်ထုတ်ပြန် ကြော်ငြာတော်မူလေသည်။

၎င်းသီပေါမင်းကား အိမ်နိမ့် ၂၀၊ စည်းစိမ် ၇ နှစ် သက်တော် ၂၇ နှစ် နံတော် စနေသားတည်း။ နိမ့်လိုသော် မြို့တော်၏ အရှေ့ မြောက်က ကြောက်မက်ဘွယ်ရာ ပြင်းစွာသော အသံကိုကြားခြင်း၊ မဟာမြတ်မုနိဘုရားကို မီးသင့်လောင်ခြင်း၊ ၁၂၄၇ ခုနှစ်အတွင်း သီတင်းကျွတ် လပြည့်ကျော် ၆ ရက်နေ့ည တစ်ညလုံး ကြယ်တာရာ တို့ ကြွေခြင်း၊ မပြတ်စံနေတော်မူသော တောင်နန်းဆောင်တော်တွင် ညောင်ရေအိုးမှ အလိုအလျောက် သပြေပန်းများကျခြင်း၊ အနောက် တောင်အရပ်မှ အန္တလိက္ခကိတ် နေ့စဉ်ပြခြင်း စသော အတိတ်ကြီး နိမိတ်ကြီးများ ဖြစ်ပေါ်လာ၏။

ပြီး ပြီ။



# သူရိယဦးသိမ်းမောင်

## (၁၈၉၈ – ၁၉၆၆)

သတင်းစာဆရာ သူရိယဦးသိမ်းမောင်သည် ၁၈၉၈ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့တွင်၊ မအူပင်မြို့၊ မလက်တိုကျေးရွာ၌ မွေးဖွားခဲ့သည်။ အဖ-ရွာသူကြီး ဦးဘိုးဆယ်၊ အမိ-ဒေါ်မှီတို့၏ မွေးချင်းကိုးယောက်မှ တတိယမြောက်သားဖြစ်သည်။ ရန်ကုန် အရှေ့ပိုင်း မက်သဒစ်ကျောင်းတွင် ပညာစတင်သင်ကြားခဲ့သည်၊ နောက်ကြည့်မြင်တိုင်အမျိုးသားကျောင်းတွင် သခင်မြနှင့်အတူကျောင်းဆရာလုပ်ရင်း ၁၉၂၀ ခုနှစ်ကျောင်းသားသပိတ်၌ ပါဝင်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် "ကြယ်တံခွန်" သတင်းစာ၌ ဝင်ရောက်အလုပ်လုပ်ပြီး သူရိယမဂ္ဂဇင်းတိုက်သို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ သူရိယဦးသိမ်းမောင် ဖြစ်လာသည်၊ သမိုင်းနောက်ခံဝတ္ထုဖြစ်သော "ရဲမြန်မာ" ဝတ္ထုဖြစ်ထင်ရှားသည်၊ ရဲသတင်းစာနှင့် ရဲတပ်ဖွဲ့စည်းရေးများ လုပ်ဆောင်ရင်း ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့လေသည်။ သံတော်ဆင့်သတင်းစာ (အယ်ဒီတာ)၊ မြဝတီမဂ္ဂဇင်း (အယ်ဒီတာချုပ်) လုပ်ခဲ့သည်၊ ပထမဦးဆုံးစာဆိုတော်နေ့ဖြစ်မြောက်ရေး အတွက် လုပ်ဆောင်ခဲ့ရင်း မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်၊ စစ်ကြိုခေတ်တွင် သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ယဉ်ကျေးမှုဆိုင်ရာစာပေများ ပြုစုခဲ့ပြီး စစ်ပြီးခေတ်တွင် ဘာသာရေး၊ ခရီးသွားစာပေနှင့် သတင်းစာပညာဆိုင်ရာ စာပေများ ပြုစုခဲ့ပါသည်။ ကလောင်ခွဲများမှာ "မြို့သား" "မောင်ကကြီး" တို့ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

ARRANGED BY : GRAPHIC DESIGN :